ဓမ္မမိတ်ဆွေများအသင်း ဓမ္မဂျာနယ်

# အတာဦး စာစောင်

အမှတ်စဉ်(၁၁)

April 18, 2010. Sunday

## မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ဓမ္မမိတ်ဆွေများအသင်း၏ယုံကြည်ချက်နှင့်အဓိဋ္ဌာန် | | ၂ |
| ၂။ | အနှစ်သုံးပါး | မစိုးရိမ်ဆရာတော်ကြီး | ၃ |
| ၃။ | ဂါရဝေါစနိဝါတောစ(သို့)နွေးထွေးကြင်နာဆွေးနွေးပါ | မင်းကွန်းတိပိဋကရေဆရာတော်ကြီး | ၄ |
| ၄။ | အောင်မြင်ကြောင်းတရား | အရှင်ကေလာသ (မစိုးရိမ်) | ၅ |
| ၅။ | ကုသလာဖြူစု ဖျက်မမှုနှင့် | မဃဒေဝလင်္ကာသစ် | ၉ |
| ၆။ | ပြည်သာနိဗ္ဗာန် | တက္ကသိုလ်သောတဇန | ၁၀ |
| ၇။ | မယောမှုံနှင့်တစ်ပြည်လုံးပိုင် | အရှင်ကေလာသ (မစိုးရိမ်) | ၁၄ |
| ၈။ | လူမိုက်နှင့်ပညာရှိ | မဃဒေဝလင်္ကာသစ် | ၁၈ |
| ၉။ | ကျောင်းဒကာကြီးချွေးမ | ဦးသုခ | ၁၉ |
| ၁၀။ | အရှယ်ကောင်း | ဒေါက်တာအောင်ကြိုင် | ၂၃ |
| ၁၁။ | ချမ်းသာခွန်အားသက်ရှည်ပွား၏ | မဃဒေဝလင်္ကာသစ် | ၂၅ |
| ၁၂။ | မလှကြိုးမဲ့ဂုဏ်ချို့တဲ့၏ | မဃဒေဝလင်္ကာသစ် | ၂၅ |
| ၁၃။ | စတုရာရက္ခတရားတော်ဆောင်ပုဒ်များ | မစိုးရိမ်ပဋ္ဌာန်းဆရာတော်ကြီး | ၂၆ |
| ၁၄။ | ဆုံးမစာများနှင့်ဘဝတိုးတက်မှု | ခင်သက်တင်(ပညာရေး) | ၂၇ |
| ၁၅။ | စာရေးနည်းများ(အပိုင်း–၂) | အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်) | ၃၀ |


သဗ္ဗဒါနံဓမ္မဒါနံဇိနာတိ။အလှူတကာတို့တွင်တရားအလှူသည်အမွန်မြတ်ဆုံးဖြစ်သည်။

www.masoeyeindfa.org , masoeyeindfa@gmail.com

## ဓမ္မမိတ်ဆွေများအသင်း၏ ယုံကြည်ချက်နှင့် အဓိဋ္ဌာန်

ဤဓမ္မမိတ်ဆွေများအသင်းကို ၁၉၉၉-ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့တွင် တည်ထောင်ခဲ့သည်။ ကျွန်ုပ်တို့အသင်းသူ/အသင်းသားများသည်ဓမ္မမိတ်ဆွေများအသင်း၏အဖွဲ့ဝင်များဖြစ်သည့်အလျောက် ဖော်ပြပါယုံကြည်ချက်ကိုလက်ကိုင် ထား၍အဓိဋ္ဌာန်ပြုပါသည်။

**၁။ အသင်းသူ၊ အသင်းသားများနှင့် မြန်မာမိသားစုများသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုအပေါ် ပိုမိုယုံကြည် နားလည်လာမည်ဟု ယုံကြည်ခြင်း။**

**၂။ ထေရဝါဒဗုဒ္ဓသာသနာသည်ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းစွဲမထားပဲလွတ်လပ်စွာပြန့်ပွားလာမည်ဟု ယုံကြည်ခြင်း။**

**၃။ ဗုဒ္ဓဘုရားရှင်၏ စစ်မှန်သော ဓမ္မဒေသနာများကို ပိုမို သဘောပေါက်လာမည်ဟု ယုံကြည်ခြင်း။**

**၄။ မြန်မာကလေးသူငယ်များမြန်မာ့စာပေနှင့်ယဉ်ကျေးမှုကိုမြတ်နိုး၍ထိန်းသိမ်းထားလိုသော မျိုးချစ်စိတ် တိုးပွားလာမည်ဟု ယုံကြည်ခြင်း။**

**၅။ အသင်း၏အမှုဆောင်အဖွဲ့နှင့်အသင်းသူ၊ အသင်းသားများသည်မည်သည့်အဖျက်အဆီး၊ အနှောက်အယှက်မျိုးကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် အသင်းတည်တန့်ခိုင်မြဲရေးနှင့်တိုးတက်အောင်မြင်ပြန့်ပွားရေးအတွက်ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း။**

ဤအသင်း၏တည်တန့်အောင်မြင်နိုင်ရေးအတွက်ဆက်လက်ပံ့ပိုးကြပါရန်အလုပ်အမှုဆောင်အဖွဲ့မှ လေးစားစွာပန်ကြားအပ်ပါသည်။

**ဓမ္မမိတ်ဆွေများအသင်း**

**အဓိဋ္ဌာန်**

ငါတို့ဖြစ်ရ ဤလောကဝယ်
ဘဝသမိုင်းမရိုင်းစေရန်
စိတ်မာန်မချ မာနမပါ
တိုးစွမ်းရာဖြင့်တို့သာသနာတို့ပြည်ရွာကို
သာယာစေမှုလို့လုပ်ပြုအံ့။

# အနှစ်သုံးပါး

- ပစ္စည်းဥစ္စာကြိုးစားရှာ၊လွန်စွာချမ်းသာ၏။
  အလှူဒါန၊မပြုက၊သေကကျန်ရစ်၏။
  တစ်ခြားဘဝ၊ယူမရ၊ဒုက္ခဖြစ်လေ၏။
  ရန်သူငါးဖြာ၊ဆက်ဆံပါ၊ဥစ္စာအနှစ်မရှိ။
  အနှစ်မဲ့ဥစ္စာ၊လှူဒါန်းပါ၊များစွာအနှစ်ရှိ။

- အနာများစွာ၊ဆက်ဆံပါ၊ခန္ဓာအနှစ်မရှိ။
  အနှစ်မဲ့ခန္ဓာ၊ဘုရားရှိခိုးပါ၊များစွာအနှစ်ရှိ။
  အနှစ်မဲ့ခန္ဓာ၊သီလစောင့်ပါ၊များစွာအနှစ်ရှိ။

- အနိစ္စတရား၊နှိပ်စက်ငြား၊အသက်ကား၊အနှစ်မရှိ၊
  အနှစ်မဲ့အသက်ဟာ၊တရားရှာ၊များစွာအနှစ်ရှိ။

(မစိုးရိမ်ဆရာတော်ကြီး)

**ဂါရဝေါ ● နိဝါတော ●**

(သို့မဟုတ်)

## နွေးထွေးကြင်နာသွေးနွေးပါ

ဒကာကြီးရယ်
သဘောထားကွဲလွဲမှုဆိုတာက
ဓမ္မတာအတိုင်း
လူ့လောကမှာရှိတာမျိုးပေါ့။
သူ့ဘက်ကိုယ့်ဘက်
ပြောစရာရှိတာတော့
ပြောကြရမှာပေါ့။
ဒါပေမဲ့ငယ်သူကကြီးသူနဲ့
ပြောကြတဲ့အခါ
သဘောထားကွဲလွဲချက်ပင်
ဖြစ်စေကာမူ
ဂါရဝေါစနဲ့ပြောရတယ်။
ကြီးသူကလဲငယ်သူနဲ့
ပြောကြတဲ့အခါ
သဘောထားကွဲလွဲချက်ပင်
ဖြစ်စေကာမူ
ငါကအကြီးပဲဆိုပြီး
အထက်စီးနဲ့မပြောရဘူး၊
နိဝါတောစနဲ့ပြောရတယ်။

(မင်းကွန်းတိပိဋကဓရဆရာတော်ကြီး)

(ဂါရဝေါ၊ရိုသေထိုက်သူကိုရိုသေခြင်း၊ နိဝါတော၊မိမိကိုယ်ကိုနှိမ့်ချခြင်း။)

# အောင်မြင်ကြောင်းတရား

အရှင်ကေလာသ (မစိုးရိမ်)

သူသူငါငါ သတ္တဝါအနန္တတို့သည် သံသရာရေယဉ်ကျောမှာ မျောလျက် အနမတဂ္ဂသံသရာကနေပြီး ဘုံဌာနအမျိုးမျိုး၊ ဘဝအသွယ်သွယ် ကြဉ်လည်ကျက်စား ပြေးသွားနေကြရပေသည်။ ထိုဘဝမှသည် ဤဘဝသို့ ဤဘဝမှသည် ထိုဘဝသို့ ပြောင်းရွှေ့လျက် သံသရာ ရေယဉ်ကျော မျောလျှက်နေကြရသည်။ ထိုသို့ဘဝ ထိုထို ပြောင်းရွှေ့ကြရလျက် လူ့ဘုံဌာန ဤဘဝသို့ ရောက်လာကြပြန်တော့လည်း လက်ရှိဘဝ ချမ်းသာသုခစသည်တို့အတွက် ရုန်းကန်လှုပ်ရှားနေကြရသည်။ မိမိတို့ရဲ့ဘဝနေထိုင်ရေးစသော အရေးပေါင်းများစွာအတွက် ရုန်းကန်နေကြရသည်။ အခက်အခဲပေါင်းများစွာ ရင်ဆိုင်ရ ကြုံကြရလျက် ဘဝအရေး ဖြေရှင်းနေကြရသည်။ ထိုသို့သော သံသရာဆင်းရဲ ဘဝဆင်းရဲဟူသော ဆင်းရဲဒုက္ခများစွာကို ကျော်လွှားနိုင်ရန်အတွက် သုံးလောကထွတ်တင် ရှင်တော်မြတ်ဘုရားသည် သတ္တဝါတို့အား သနားကရုဏာရှိတော်မူသည့်အတွက် ဘဝအခက်အခဲ ကျော်လွှားရေး အောင်မြင်ကြောင်းတရားကို ဟောကြားတော်မူခဲ့ပေသည်။

ရှေးဦးစွာ ပစ္စုပ္ပန်ဘဝအခက်အခဲမှ လွတ်မြောက်ရန် အောင်မြင်ရေး အကြောင်းတရားများကို တင်ပြလိုပါသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မိမိရဲ့ စားဝတ်နေရေးဟူသော အရေးသုံးပါးအတွက် စီးပွားရေးဆောင်ရွက်ရာတွင် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော တရားကို လက်ကိုင်ကျင့်သုံးကြရပေမည်။ ထိုသို့ လက်ကိုင် ကျင့်သုံးသော် အမှန်တကယ် အောင်မြင်မည် ဖြစ်ပေသည်။

မိမိ၏ဘဝ အရေးသုံးပါးအတွက် သက်မွေးမှုလုပ်ငန်း လုပ်ကိုင်ရာတွင် ကျင့်သုံးရမည့် တရားမှာ ငါးမျိုးရှိပေသည်။ ထိုတရားငါးမျိုးမှာ -

၁။ ယုံကြည်မှုရှိခြင်း။
၂။ အရှက်တရားရှိခြင်း။
၃။ အကြောက်တရားရှိခြင်း။
၄။ လုံ့လဝီရိယရှိခြင်း။
၅။ ပညာဉာဏ်ရှိခြင်း-တို့ ဖြစ်သည်။

ထိုတရားငါးမျိုးတွင် ယုံကြည်မှုရှိခြင်းဟူသည်- မိမိလုပ်ကိုင်နေသော အလုပ်ကို ယုံကြည်ခြင်း၊ မိမိကိုယ်ကို မိမိ ယုံကြည်ခြင်း ဖြစ်သည်။ မှန်ပေသည်၊ မိမိလုပ်ကိုင်နေသောအလုပ်ကို ထိုသို့ သော ယုံကြည်ခြင်းများ မရှိပါက ထိုအလုပ်သည် ဖြောင့်တန်းစွာ မပြီးမြောက်နိုင်ပါ။ မိမိအလုပ်ကို ယုံကြည်ရမည်ဆိုသည်မှာ အလုပ်ကို လေးလေးစားစားလုပ်ခြင်း ဖြစ်သည်။ အလုပ်ကို မလေးစားပါက အလုပ်သည် မပြီးစီးဘဲ ချွတ်ချော်ပျက်စီးမည်သာ ဖြစ်ပါသည်။ မိမိကိုယ်ကို မိမိလည်း ယုံကြည်မှု မရှိပါက အလုပ်လုပ်ရာတွင် နှေးကွေးခြင်း၊ ချွတ်ချော် ခြင်းစသည်များ ဖြစ်ပေါ်လာနိုင်ပါသည်။ မိမိကိုယ်ကို မိမိယုံကြည်မှသာ အောင်မြင်မှု ရရှိမည် ဖြစ်သည်။

အရှက်တရားရှိခြင်းဟူသည် မိမိအလုပ်သည် အများတကာ သတ်မှတ်ထားသော၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သောသူတို့က သတ်မှတ်ထားသော မလုပ်ရဟူသောအလုပ်များကို လုပ်ကိုင်ခြင်း၌ အရှက်တရားရှိခြင်း ဖြစ်သည်။ အကြောက်တရားဟူသည်မှာလည်း ထို့အတူပင် ပြုလုပ်ခြင်းမှ ကြောက်လန့်မှုရှိခြင်း ဖြစ်သည်။ ထိုသို့ မကောင်းသောအလုပ်ကို အရှက်တရား အကြောက်တရားများ မရှိဘဲ ပြုလုပ်ဆောင်ရွက်သော်

မိမိ၏ အလုပ်သည် အောင်မြင်မှု ရရှိမည် မဟုတ်ပေ။ အဘယ့်ကြောင့်နည်းဆိုသော် အထူးသဖြင့် အုပ်ချုပ်သောသူတို့၏ ချမှတ်ထားသော စည်းကမ်းများနှင့် မညီသဖြင့် ဒဏ်ငွေရိုက်ခြင်း၊ ထောင်သွင်း အကျဉ်းချထားမှု ခံရခြင်းစသော အမှုများကိုလည်း ရင်ဆိုင်ရမည် ဖြစ်သည်။ ထို့ပြင် အခြားသော မိတ်ဆွေသူငယ်ချင်းများကလည်း ရှောင်ဖယ်ခြင်းစသည်များကိုလည်း ကြုံတွေ့ရမည် ဖြစ်ပေသည်။ ထိုသို့သောအမှုကိစ္စများနှင့် ကြုံတွေ့ရသော် မိမိ၏လုပ်ငန်းကိစ္စအဝဝသည် ပျက်စီးဆုံးရှုံးရမည်မှာ ဧကန် ဖြစ်လေသည်။ ထို့ကြောင့် အရှက်တရားနှင့် အကြောက်တရားကိုလည်း လက်ကိုင်ထားကျင့်သုံးရမည် ဖြစ်ပေသည်။

ကြိုးစားအားထုတ်မှုလုံ့လတရား လက်ကိုင်ထားရမည်ဟူသည်မှာကား ထင်ရှားလှပေသည်။ မည်သည့်အလုပ်မဆို လုံ့လဝီရိယမရှိပါက မည်သည့်နည်းနှင့်မျှ မအောင်မြင်နိုင်ပေ။ စားဝတ်နေရေး မဆိုထားဘိ ကျောင်းသားသူငယ်တစ်ယောက်၊ အတန်းပညာရှာဖွေသင်ကြားနေသူတစ်ယောက်သည်ပင် ကြိုးစားမှုလုံ့လဝီရိယရှိမှသာ သင်ယူနေသော အတတ်ပညာကို အောင်မြင်နိုင်ပေသည်။ ကြိုးစားမှု မရှိပါက မအောင် မြင်နိုင်။ စားဝတ်နေရေးအတွက် အလုပ်လုပ်သော ပုဂ္ဂိုလ်တစ်ယောက်သည် ကြိုးစားအားထုတ်မှု ဝီရိယနည်းပါးပါက၊ ဝီရိယမရှိပါက အလုပ်သည် ပျက်စီးမည်မှာ ဧကန်ဖြစ်သည်။ မိမိကိုယ်ပိုင်လုပ်သော လုပ်ငန်းဖြစ်ခဲ့သော်လည်း ဝီရိယမရှိပါက လုပ်ငန်းကိစ္စအဝဝသည် အခြားသူများနှင့် အောက်ကျနောက်ကျဖြစ်ပြီး ဆုံးရှုံး မည်သာ ဖြစ်သည်။ အခြားတစ်ပါးသောသူတို့၏ အလုပ်တွင် အခစားအဖြစ် လုပ်ကိုင်သောသူဖြစ်ပါကလည်း ထိုအလုပ်ကို အချိန်မှန်သွားခြင်း၊ ကောင်းမွန်စွာလုပ်ကိုင်ခြင်းစသည်ဖြင့် ဝီရိယထားရမည် ဖြစ်သည်။ အချိန်မှန်မသွားသော်၊ ကောင်းမွန်စွာ မလုပ်သော် ထိုအလုပ်မှ အဖယ်ခံရခြင်း၊ အလုပ်ဖြုတ်ခံရခြင်းနှင့် ကြုံရမည်မှာလည်း ဧကန်အမှန်ပင် ဖြစ်လေသည်။ ကြိုးစားခြင်း၊ ကောင်းမွန်စွာလုပ်ကိုင်ခြင်းများရှိပါက တဆင့်ထက်တဆင့် မြင့်သထက်မြင့်ကာ ကောင်းမွန်စွာ ချီးမြှောက်ခံရသဖြင့် မိမိ၏စားဝတ်နေရေး အဆင်ပြေမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် လုံ့လဝီရိယတရားကို လက်ကိုင်ကျင့်သုံးရမည် ဖြစ်သည်။

ဉာဏ်ပညာရှိခြင်းဟူသည်မှာလည်း ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် အမှန်ပင် လိုအပ်သောအရာ ဖြစ်သည်။ လောကတွင်ရှိနေသော မည်သည့်လုပ်ငန်းကိစ္စတွင်မဆို ဉာဏ်ပညာသည် လိုအပ်သည်။ ဉာဏ်ပညာမရှိပါက မည်သည့်နည်းနှင့်မျှ မအောင်မြင်နိုင်ပေ။ ဘုရားရှင် ဟောတော်မူအပ်သော သမ္ပဒါတရားလေးပါးတွင် ဥဋ္ဌာနသမ္ပဒါဟူသော လုံ့လဝီရိယရှိခြင်းမှတစ်ပါး အခြားသော သုံးပါးသည် ဉာဏ်ပညာရှိခြင်းနှင့် သက်ဆိုင်သည်။

ထိုသုံးပါးမှာ-

၁။ ကလျာဏမိတ္တသမ္ပဒါ = မိတ်ကောင်းရှိခြင်း။

၂။ အာရက္ခသမ္ပဒါ = စောင့်ရှောက်ထိန်းသိမ်းမှုရှိခြင်း။

၃။ သမဇီဝိတသမ္ပဒါ-မျှတသုံးစွဲမှုရှိခြင်း-တို့ဖြစ်သည်။

မိတ်ကောင်းရှိခြင်းဟုဆိုရာ- မိမိပေါင်းသင်းသော မိတ်ဆွေသူငယ်ချင်းသည် ကောင်းမကောင်းကို မိမိ၏ ပညာဉာဏ်နှင့် ကြည့်ရမည်၊ စဉ်းစား ဆုံးဖြတ်ရမည် ဖြစ်သည်။ မကောင်းသော မိတ်ဆွေအဖျင်း၊ အညံ့၊ မိတ်ဆွေယုတ်ကို ပေါင်းသင်းမိသော် မိမိလည်း အဖျင်း၊ အညံ့၊ အယုတ်ပင် ဖြစ်သွားမည်။ ထိုသို့အဖျင်း၊ အညံ့၊ အယုတ်ဖြစ်သွားသော် မိမိ၏စီးပွားရေး ကြီးပွားရေးမှာ ကျဆုံးပျက်စီးရမည်သာ ဖြစ်ပေသည်။

စောင့်ရှောက်ထိန်းသိမ်းမှုရှိခြင်းသည် ဉာဏ်ပညာနှင့် သက်ဆိုင်သည်။ မိမိ လုံ့လဝီရိယဖြင့်

ကြိုးစားရှာဖွေ၍ ရလာသော ပစ္စည်းဥစ္စာကို ထိန်းသိမ်းရန်မှာ ပညာဉာဏ်ဖြင့် ပြုလုပ်ရမည် ဖြစ်သည်။ စောင့်ရှောက် ထိန်းသိမ်းမှု မတတ်၊ ထိန်းသိမ်းမှုမရှိပါက မိမိ၏ ကြိုးစားလုပ်ဆောင်မှုသည် အချည်းနှီး အကျိုးမဲ့သာ ဖြစ်ပေမည်။

မျှတသုံးစွဲမှုနှင့် ပြည့်စုံရမည်ဟူသည်မှာလည်း အရေးကြီးသော အချက်ဖြစ်သည်။ အသုံးနှင့်အဖြုန်းကို နားလည်ရမည်ဖြစ်သည်။ သုံးစွဲမှုမတတ်သော် ဖြုန်းတီးမှုသာ ဖြစ်၍ "အိတ်ပေါက်နှင့် ဖားကောက်" ဆိုသကဲ့သို့သာ ဖြစ်ပေမည်။ မြတ်စွာဘုရားရှင်က မိမိရရှိထားသော ပစ္စည်းဥစ္စာများကို မည်သို့ သုံးစွဲရမည်ကိုလည်း ဟောကြားထားခဲ့သည်။ မိမိရရှိလာသော ပစ္စည်းဥစ္စာကို "တစ်ပုံကိုစား၊ တစ်ပုံကိုထား၊ အပွားနှစ်ခုသာ"ဟု မိန့်ခဲ့သည်။ မိမိရှာဖွေ၍ရရှိလာသော ပစ္စည်းဥစ္စာများကို လေးပုံလေးစု ခွဲဝေပါ။ တစ်စုတစ်ပုံကို စားသောက်သုံးစွဲပါ။ တစ်စုတစ်ပုံကို နောင်ရေးအတွက် သိုမှီး သိမ်းဆည်းထားပါ။ ကျန်သောနှစ်ပုံနှစ်စုကိုတော့ လုပ်ငန်းတိုးတက်ရေးအတွက် သုံးစွဲရမည် ဖြစ်သည်။ ဆိုလိုသည်မှာ ရရှိလာသော ပစ္စည်းကို သင့်တော်သလို ခွဲဝေ သုံးစွဲရမည်၊ ဗရမ်းဗတာ မသုံးစွဲရ၊ ရှေ့နောက်ကြည့်သုံးရမည်ဟု ဆိုလိုပေသည်။ ထို့ကြောင့် မိမိ၏ စားဝတ်နေရေးတို့အတွက် တိုးတက်အောင်မြင်နိုင်ရန်မှာ ပညာဉာဏ်လိုအပ်ပေသည်။

ထို့ပြင် မိမိလုပ်ငန်းကိစ္စအတွက် ပြုလုပ်နိုင်စွမ်းသော အတတ်ပညာလည်း ရှိရမည်။ အတတ်ပညာလည်း လိုအပ်သည်။ ကိုယ်ပိုင် လုပ်ငန်းလုပ်ကိုင်သည် ဖြစ်စေ၊ သူတစ်ပါးလုပ်ငန်း အခစား လုပ်သည်ဖြစ်စေ အတတ်ပညာ မရှိပါက မဖြစ်နိုင်ပေ။ မိမိ၏ မိဘဘိုးဘွားများက အရင်းအနှီးပေး၍ ကိုယ်ပိုင်လုပ်ငန်း လုပ်သော်လည်း မိမိမှာ လုပ်ငန်းအတွက် တတ်ကျွမ်းနားလည်မှု အတတ်ပညာ၊ အသိပညာ မရှိပါက ထိုလုပ်ငန်းသည် အချိန်တိုအတွင်းမှာပင် ပျက်စီးမည်သာ ဖြစ်သည်။ အခြားသူတို့အလုပ်မှာကား အထူးပင် ပြောဘွယ်မရှိပေ၊ မိမိမှာ အတတ်ပညာ အသိပညာ မရှိသော် မိမိအား အလုပ်ပေးမည် မဟုတ်ပေ။ မိမိမှာ အတတ်ပညာ မရှိပါက ခက်ခဲဆင်းရဲသော အလုပ်များကိုသာ လုပ်ရမည် ဖြစ်သည်။ ပညာဉာဏ်မရှိပါက အောက်ကျနောက်ကျသာ ဖြစ်နေပေမည်။

ထို့ကြောင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဆိုခဲ့ပြီးသော ယုံကြည်မှုရှိခြင်းစသော အချက်အလက်များနှင့် ပြည့်စုံရမည် ဖြစ်သည်။ ထိုသို့ပြည့်စုံမှသာ မိမိ၏ လက်ရှိဘဝသည် အောင်မြင်မည်သာ ဖြစ်ပေသည်။

သံသရာအတွက်လည်း ထိုကဲ့သို့ပင် အချက်ငါးချက်၊ တရားငါးမျိုး ပြည့်စုံရမည် ဖြစ်သည်။ ထိုတရားငါးမျိုးမှာ ဆိုခဲ့ပြီး ငါးမျိုးပင် ဖြစ်သည်။ ထိုတရားငါးပါး မပြည့်စုံပါက သံသရာရေယဉ်မှာ နစ်မျော နစ်မြုပ်နေမည်သာ ဖြစ်ပေသည်။

ထိုတရားငါးမျိုးတွင်- သဒ္ဓါ=ယုံကြည်မှု ရှိခြင်းဟူသည် ကံ, ကံ၏ အကျိုးတရားကို ယုံကြည်ခြင်းနှင့် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို ယုံကြည်ခြင်း ဖြစ်သည်။ ထိုသို့သော ယုံကြည်ခြင်းတို့တွင် ကံ ကံ၏ အကျိုးတရားများကို ယုံကြည်ခြင်းဖြင့် ကာယဒုစရိုက်စသော မကောင်းမှုများကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သုစရိုက်တရားတို့ကိုသာ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လာမည် ဖြစ်ပေသည်။ ထိုသို့ ကာယသုစရိုက်စသည်တို့ကိုသာ ပြုလုပ်ခြင်းကြောင့် အပါယ်ဒုဂ္ဂတိဘေးမှ ကင်းဝေးပေမည် ဖြစ်သည်။ ထို့ပြင် သဒ္ဓါတရားကြောင့် ဒါနစသော ကောင်းမှုများကိုလည်း ပြုလုပ်လျက် ဘဝအဆင့်အတန်း မြင့်သထက်မြင့်ကာ သံသရာလွတ်လမ်းသို့သာ လျှောက်လှမ်းနိုင်မည် ဖြစ်သည်။ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးများကို ယုံကြည်ခြင်းဖြင့် ဘုရားစသော အရိယာသူတော်ကောင်းတို့၏ သွားရာလမ်းကို ရောက်ကြောင်း အကျင့်ကောင်းများကို ပြုလုပ်မည် ဖြစ်သည်။

ထိုယုံကြည်မှုသဒ္ဓါတရားသည် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အတွက် လိုအပ်ပေသည်။ သဒ္ဓါတရား သည် ခရီးသွားဖော်၊ မွန်မြတ်သော ပစ္စည်းဥစ္စာ၊ လက် တို့နှင့် တူပေသည်။ ခရီးသွားရာ၌ အဖော်ပါခဲ့သော် လမ်းခရီးအခက်အခဲစသည်များကို အတူဖြေရှင်းနိုင်ခြင်း စသောအကျိုးများရှိသကဲ့သို့၎င်း၊ ပစ္စည်းဥစ္စာသည် မိမိ၏လိုအပ်မှုကို ရအောင်ပြုလုပ်ပေးသကဲ့သို့၎င်း၊ လက်သည် လိုအပ်သောအရာကို ရယူနိုင်သကဲ့သို့၎င်း သဒ္ဓါတရားဖြင့် မိမိ၏ ဘ၀သမ္ပတ္တိစသည်ကို ရယူနိုင် ပေသည်။ သဒ္ဓါတရားမရှိသော် မည်သည့်သမ္ပတ္တိကိုမျှ ရယူနိုင်မည် မဟုတ်ပေ။

ဟိရီ,ဩတ္တပ္ပ = အရှက်တရားနှင့် အကြောက် တရားဟူသည် မကောင်းမှုအကုသိုလ်တရားတို့ကို ပြုလုပ်ခြင်းမှ ရှက်ခြင်းကြောက်လန့်ခြင်း ဖြစ်သည်။ ရှက်ကြောက်သဖြင့် မပြုလုပ်တော့။ မပြုလုပ်သဖြင့် အပါယ်ဒုဂ္ဂတိမှ လွတ်ပေမည်။ ရှက်ကြောက်မှု မရှိဘဲ ပြုလုပ်ခဲ့သော် အပါယ်ဒုဂ္ဂတိဘ၀၌သာ နစ်မြုပ် နေရပေ မည်။

ဝီရိယတရားဟူသည် သံသရာဘေးမှ လွတ်ရာ လွတ်ကြောင်း အကျင့်ကောင်းများကို ကြိုးစားပြုလုပ်မှု ဖြစ်သည်။ မိမိသန္တာန်၌ ဖြစ်ပွားပြီးသော မကောင်းမှု အကုသိုလ်တရားဆိုးများကို နောက်ထပ် မဖြစ်အောင် တားမြစ်ခြင်း၊ မဖြစ်သေးသော အကုသိုလ်များကို မဖြစ် စေခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားများကို ဖြစ်စေ ခြင်း၊ ဖြစ်ပွားပြီးသော ကုသိုလ်တရားများကို တိုးပွား စေခြင်းဟူသော အားထုတ်မှု ပြုခြင်း ဖြစ်သည်။

ထိုသို့ကြိုးစားအားထုတ်ရာတွင် သဒ္ဓါတရားကို အခြေခံ၍ ဒါနတရားနှင့် သီလတရားများကိုလည်း ကြိုးစားအားထုတ်ရမည်။ ထိုဒါနသီလတရားများကို ကြိုးစားအားထုတ်ပြီးနောက် မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဟူသော မိမိ၏ ဣန္ဒြေခြောက်ပါး တံခါး ခြောက်ပေါက်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရမည်။ ထိုတံခါးပေါက်တို့မှ လောဘ,ဒေါသစသော အကုသိုလ် တရားများကို ဝင်မလာအောင် အားထုတ်တားမြစ် ရပေမည်။ ထို့ပြင် ကာမဂုဏ်အာရုံတွေကို ကြံစည်ခြင်း၊ သူတပါးပျက်စီးစေဘို့ ကြံစည်ခြင်း၊ သူတပါးတို့အား ညှဉ်းဆဲနှိပ်စက်ရေးတို့ကို ကြံစည်ခြင်းဟူသော အကြံဆိုး အကုသိုလ်များကို မကြံစည်ရ။ ထို့နောက် မိမိ၏ လျှောင်း,ထိုင်,ရပ်,သွားဟူသော လှုပ်ရှားမှုမှန်သမျှတို့ကို သတိနှင့်စောင့်ကြည့်ခြင်းစသည်တို့ကို ပြုလုပ်လျက် ဖြစ်ပေါ်လာသော သမာဓိတရားများကို ခိုင်မြဲအောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပေသည်။

ပညာဉာဏ်ရှိခြင်းဟူသည် ဆင်ခြင်နိုင်စွမ်းမှု ရှိခြင်း ဖြစ်သည်။ ပညာအဆင်အခြင်သည်လည်း အရေးကြီးသော၊ လိုအပ်သောတရားတစ်ပါး ဖြစ်သည်။ လောကီစီးပွားရေးကြီးပွားရေးတွင် ပညာမရှိသော် အစီး အပွားကောင်းစွာ မဖြစ်သကဲ့သို့ လောကုတ္တရာ ကြီးပွား ရေးတွင်လည်း ပညာမပါ မဖြစ်ပေ။ လောကုတ္တရာ ရေး၌ ပညာဟူသည် ဝိပဿနာပညာ ဖြစ်သည်။

ဘုရားရှင်ကိုယ်တော်မြတ်သည် သတ္တဝါတို့၏ အားကိုးရာ ဥစ္စာလေးမျိုး ရှိကြောင်း ဟောကြားထားခဲ့ သည်။ ထိုလေးမျိုးတွင် ပညာလည်း တစ်ပါး အပါအဝင် ဖြစ်လေသည်။ ထိုဥစ္စာလေးမျိုးမှာ-

၁။ ဇင်္ဂမဥစ္စာ= ရွေ့ငွေစသော ပစ္စည်းများ။

၂။ ထာဝရဥစ္စာ= လယ်ယာစသည်များ။

၃။ အင်္ဂသမဥစ္စာ= အတတ်ပညာများ။

၄။ အနုဂါမိကဥစ္စာ = ဒါနသီလစသော ကောင်းမှု ကုသိုလ်များ ဖြစ်သည်။

ထိုအနုဂါမိကဥစ္စာသည်လည်း လေးမျိုးရှိ သည်။ လှူဒါန်းပေးကမ်းခြင်းဟူသော ဒါန၊ သူတစ်ပါး အသက်ကို မသတ်ခြင်းစသော သီလ၊ ဘုရားဂုဏ်တော် စသည်တို့ကို ပွားများခြင်း ဟူသော သမာဓိတရားနှင့်

အလုံးစုံသော သင်္ခါရတရားတို့၏ မမြဲခြင်း အနိစ္စ၊ နှိပ်စက်တတ်သောသဘောကြောင့် ဆင်းရဲခြင်း ဒုက္ခနှင့် အလိုအတိုင်းမဖြစ်ခြင်းကြောင့် အစိုးမရခြင်း အနတ္တ သဘောတို့ကို ဆင်ခြင်ပွားများခြင်းဟူသော ပညာဟူ၍ လေးမျိုးရှိရာ နောက်ဆုံးပန်းတိုင် တက်လှမ်းနိုင်ဘို့ အတွက် အရေးကြီးသည့်တရားမှာ ပညာ ဖြစ်ပေသည်။ ဒါနမှု၊ သီလမှု၊ သမာဓိမှုတို့ကို အခြေခံပြီး ပညာတရား တိုးပွားအောင် ပြုလုပ်ရပေမည်။ ပညာဉာဏ်ရင့်သန်မှ သာလျှင် ဘဝအဆက်ဆက် သံသရာရေယဉ်ကျော နစ်မျောခြင်းမှ လွတ်ကင်း၍ ဘဝ၏အထွတ်အမြတ် ပန်းတိုင်သို့ ရောက်ရှိမည် ဖြစ်ပေသည်။

ထို့ကြောင့် လောကီ, လောကုတ္တရာ နှစ်ဖြာသော ကိစ္စအဝဝတို့မှာ အောင်မြင်မှုပန်းတိုင် တက်လှမ်းကိုင်လိုသော သူတို့သည် ဗုဒ္ဓမြတ်စွာ ဟောကြားပြသဆုံးမတော်မူခဲ့သော ယုံကြည်မှု သဒ္ဓါ, ရှက်မှု ဟိရီ, ကြောက်လန့်မှု ဩတ္တပ္ပ, ကြိုးစားမှုဝီရိယ, လိမ်မာမှု ပညာဟူသော တရားငါးပါးကို လက်ဆုပ်လက်ကိုင် ပြု၍ ဘဝအောင်မြင်ရေး ဆောင်ရွက်ကြရပေမည်။

လောကုတ်လောကီ၊
နှစ်လီတိုးပွား၊
အကျိုးများဘို့၊
ဘုရားမိန့်မှာ၊
သဒ္ဓါစသား၊
တရားများကို၊
ကျင့်ပွားလေ့လာ၊
သုံးစွဲကာဖြင့်၊
နောင်ခါယခု၊
ချမ်းသာမှုကို၊
ရအောင်ပြုလျှက်၊
ကောင်းမှုကောင်းရာ ဖြစ်စေသော်။

အရှင်ကေလာသ (မစိုးရိမ်)

**ဣ သာဂြိုဟ်စု ဖျက်မမှုနှင့်**

ကိုယ့်ထက်အမျိုး၊ ဘုန်းတန်းခိုးနှင့်၊
အုပ်စိုးမပြတ်၊ စောင့်ရှောက်တတ်သည့်၊
ကြီးမြတ်ထင်ရှား၊ သူတို့အားလျှင်၊
ပြစ်မှားစိတ်မှာ၊ အပြစ်ရှာ၍၊
ဣသာဂြိုဟ်စု၊ ဖျက်မမှုနှင့်၊
ဖျက်သူနောင်ဝယ်၊ ဂုဏ်ညှိုးငယ်လိမ့်၊
ကိုးကွယ်ရာမဲ့၊ မဟဲ့တန်ခိုး၊
သူလွှမ်းမိုး၍၊ အမျိုးသုန်ဖျင်း၊
ပျက်တတ်လျှင်း၏။

(မဃဒေဝလင်္ကာသစ်)

# ပြည်သာ နိဗ္ဗာန်

တက္ကသိုလ်သောတုဇန (မဟာဓမ္မာစရိယ)

အင်းဝခေတ်စာဆို ရှင်မဟာသီလဝံသသည် ပါရမီတော်ခန်းပျို့ကို ရေးဖွဲ့တော်မူခဲ့သည်။ ယင်းပျို့ကို ပညာရှင်များက ခက်လွန်းလှသဖြင့် "ပါရမီ မသီနှင့်"ဟု ဥဒါန်းစကား ထားရစ်ခဲ့ကြသည်။ စာရေးသူအရှင်သည် ယင်းပျို့ကို ဓမ္မာစရိယစတုတ္ထနှစ် သင်တန်းသားများအား ပို့ချပေးရပါသည်။ ငါးနှစ်မျှပင်ကြာခဲ့ပါပြီ။ ပညာရှင်များ ထားရစ်ခဲ့သော ဥဒါန်းစကားအတိုင်း အခက်တွေ့ရပါသည်။ သို့သော် ကြိုးစားပို့ချပေးပါသည်။ ယင်းပျို့ကို ပို့ချပေးရင်း တစ်ချို့စကားလုံးများ၏ အဓိပ္ပါယ်ကို အကျယ်ဖွင့်ဆိုခံစားကြည့်မိပါသည်။ ယင်းတို့မှ နိဗ္ဗာန်နှင့်ဆိုင်သော စကားတစ်ချို့ကို အကျယ်ဖွင့်ဆို ခံစားကြည့်မိပါသည်။

"သုမေဓာသည်၊ ပြည်သာနိဗ္ဗာန်၊ ရှိသင့်တန်ဟု" (ပါရမီတော်ခန်းပျို့၊ ပိုဒ်ရေ-၁)

ယင်းအဖွဲ့၌ နိဗ္ဗာန်ကို "သာယာသောပြည်ဖြစ်သော နိဗ္ဗာန်"ဟု သာယာသောပြည်နှင့် တင်စားဖွဲ့ဆိုထားပါသည်။မဟာသတိပဋ္ဌာနသုတ်အဖွင့် (ဒီ၊ဋ္ဌ၊၂။၃၄၆။ဘိ၊ဋ္ဌ၊၂။၂၀၅။မ၊ဋ္ဌ၊၁။၂၄၅)များ၌ "နဂရံ ဝိယ နိဗ္ဗာနမဟာနဂရံ" အဖွင့်ပါရှိပါသည်။ နိဗ္ဗာန်ကို တံခါးလေးပေါက်ရှိသော မြို့တော်နှင့် နှိုင်းကာ ဖွင့်ပြထားပါသည်။

အဖွဲ့အစည်း အမျိုးမျိုးက ကမ္ဘာပေါ်တွင် ပျော်ရွှင်ဖွယ်အကောင်းဆုံး, ငြိမ်းချမ်းသာယာမှု အရှိဆုံး နိုင်ငံနှင့် မြို့ပြများကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၂၀၀၂-ခုနှစ်မှ ၂၀၀၆-ခုနှစ်အတွင်း စာနယ်ဇင်းများတွင် ဖော်ပြချက်များ အရ ဆွစ်ဇာလန်နိုင်ငံ၊ လူးဝစ်မြို့တော်၊ နော်ဝေနိုင်ငံ၊ ဒိန်းမတ်နိုင်ငံတို့မှာ ကမ္ဘာပေါ်၌ ပျော်ရွှင်ဖွယ် အကောင်းဆုံး, ငြိမ်းချမ်းသာယာမှုအရှိဆုံး နိုင်ငံများဖြစ်ကြောင်း သိရပါသည်။ လူ့သက်တမ်း၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်သယ်ယူပို့ဆောင်ရေးတို့၏ အခြေခံအဆောက်အအုံများ အရည်အသွေး ကောင်းမွန်မှုများကို အခြေခံ၍ သုတေသနပြုရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ၊ လူးဝစ်မြို့၌ လှပသော ရှုခင်းများ ရှိခြင်းသည် အကောင်းဆုံးမြို့တော် ရွေးချယ်မှုတွင် အဓိက အချက်တစ်ခုအဖြစ်ပါဝင်သည်ဟု ဆိုသည်။

နော်ဝေနိုင်ငံသည် ကမ္ဘာပေါ်တွင် လူမှုဖူလုံရေးစနစ်များ အထူးကောင်းမွန်သော နိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်တွင် ဝင်ငွေအနိမ့်ဆုံးတိုင်းပြည်ဖြစ်သော နိုင်ငံသားတို့ထက် အဆလေးဆယ်မျှ ကြွယ်ဝသလို သက်တမ်းလည်း နှစ်ဆပိုရှည်ကာ စာတတ်မြောက်မှုနှုန်းမှာလည်း ငါးဆနီးပါး မြင့်သည်ဟု သိရသည်။

ဝန်ကြီးချုပ်(ဟောင်း)လီကွမ်ယုသည် စင်ကာပူကို အာရှ၏ အသန့်ရှင်းဆုံးမြို့ဖြစ်ရန် ဖန်တီးခဲ့သည်။ အာရှဒေသတွင် စံနမူနာပြသနိုင်သော နိုင်ငံဖြစ်ရန် ကြိုးပမ်းခဲ့သည်။ စင်ကာပူနိုင်ငံသည် စိမ်းလန်းစိုပြေရေး စီမံကိန်း တစ်ရပ်ကို ချမှတ်တော့မည် ဖြစ်သည်။ စိမ်းလန်းစိုပြေရေးစီမံကိန်းအရ ရုက္ခဗေဒ ဥယျာဉ်ကြီးတစ်ခု၊ သာယာလှပသည့် ပင်လယ်ကမ်းခြေဒေသနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဟု သိရသည်။

စင်ကာပူနိုင်ငံသည် သန့်ရှင်းမှုကို အလေးထားသည့် နိုင်ငံဖြစ်သည်။ အမှိုက်အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ရသည်။ ဝါးထွေး သကြားလုံး ရောင်းချခြင်းမပြုရန် တားမြစ်ထားသည်။ ပတ်ဝန်းကျင် ညစ်ပတ်အောင်ပြုလျှင်၊ မြို့အလှပျက်အောင် ပြုလျှင် ပြစ်ဒဏ်ပြင်းထန်စွာပေးလေ့ရှိသည်။ အမေရိကန် နိုင်ငံသားတစ်ယောက်အား ကား၌ မှုတ်ဆေးဖြင့် ပက်ဖြန်းမှုကြောင့် ကြိမ်ဒဏ်အချက် (၃၀)ပေးဘူးလေသည်။

တရုတ်နိုင်ငံ၊ မြို့တော်ဘေဂျင်းရှိ တီယန်မင် ရင်ပြင်တွင် ဒေသခံများနှင့် လာရောက်လည်ပတ်သူများ လက်လွတ်စပယ် ပစ်ချခဲ့ကြသည့် ဝါးပြီးသား ပီကေ (၆၀၀၀၀၀)ကို အလုပ်သမားတစ်ထောင်နီးပါးက ရှင်းလင်း ဖယ်ရှားပစ်ကြရသည်။ ယင်းသို့ ရှင်းလင်းရသည့် ကုန်ကျစရိတ်သည် ယွမ်တစ်သန်း ရှိသည်။ယင်းကြောင့် ပီကေဝါးပြီးထွေးချသူများကို ယွမ်ငွေ(၂၀)မှ (၅၀)အထိ ဒဏ်ရိုက်မည်ဖြစ်ကြောင်း မြူနီစပါယ် အာဏာပိုင်အဖွဲ့က (၂၀၀၂-ခုနှစ်၊ အောက်တိုဘာလ အတွင်းက) ကြေညာခဲ့သည်။ ၂၀၀၈-ခုနှစ်၊ ဘေဂျင်း အိုလံပစ် အကြိုကာလများကလည်း ဘေးဂျင်းမြို့တော် လမ်းမများပေါ်တွင် တံတွေး မထွေးကြရန်၊ ထွေးလိုပါက တစ်ရှူးစက္ကူ သို့မဟုတ် အိတ်အတွင်းထွေးကာ အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ရန် စည်းကမ်းချက်များ ထုတ်ပြန်ခဲ့သည်။

ပြင်သစ်နိုင်ငံတောင်ပိုင်း ပင်လယ်ကမ်းခြေ ဒေသရှိ လာဂရန်းမော့မြို့တွင် ပင်လယ်ကမ်းခြေတွင်ဖြစ်စေ၊ မြို့တွင်းတွင်ဖြစ်စေ အနေအထိုင်ညစ်ပတ်၍ ကိုယ်ခန္ဓာအနံ့ နံစော်နေသော တိုးရစ်များကို တွေ့ရှိပါက အထူးစီမံထုတ်လုပ်ထားသော အနံ့ပျောက် တီရှပ်အင်္ကျီကို ဝတ်ဆင်ရန် ရဲတပ်ဖွဲ့က ထုတ်ပေးမည်ဖြစ်ပြီး ယင်းတိုးရစ်အား အင်္ကျီဖိုးနှင့်တကွ ဒဏ်ငွေတပ်ရိုက်မည့် ဥပဒေကို ၂၀၀၂-ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ကျင့်သုံးခဲ့သည်။

ပါကစ္စတန်နိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ အီရတ်နိုင်ငံများ၌ အကြမ်းဖက်သမားများ၏ လမ်းဘေးထောင်ဗုံး ခွဲခြင်း၊ ကားဗုံးခွဲခြင်း၊ အသေခံဗုံးခွဲခြင်းစသော တိုက်ခိုက်မှုများကြောင့် နေ့စဉ် လူများစွာ သေဆုံးနေကြရသည်။ အဆောက်အအုံများ မီးဟုန်းဟုန်း တောက်လောင် နေရသည်။ လူထုမှာ ကျီးလန့်စာ စားနေကြရသည်။ အိမ်တွင်းက အိမ်ပြင်မထွက်ရဲအောင် ဖြစ်နေကြရသည်။ စိုးရိမ်ထိတ်လန့်မှုများဖြင့် နေ့ရက်တွေကို ဖြတ်သန်းနေရသည်။ တစ်ချို့ ဘေးကင်းရာ နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်း ရှောင်နေကြရသည်။ စိတ်အေးချမ်းမှုမရှိဘဲ နေကြရရှာလေသည်။ ထိုနိုင်ငံများမှာ နေချင့်စဖွယ်ကောင်းသောနိုင်ငံများ မဟုတ်ကြပေ။

ဖော်ပြခဲ့ပါ ကမ္ဘာ့နိုင်ငံအချို့တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ရေမြေတောတောင် သဘာဝ ပတ်ဝန်းကျင် ရှုခင်းများကောင်းမွန်မှု၊ အမှိုက်သရိုက် အညစ်အကြေးများကင်းမှု၊ စိတ်မကင်းမှုကြောင့် ငြိမ်းချမ်းသာယာမှုရှိ၍ ပျော်ရွှင်ဖွယ်ကောင်းရကား နေချင့်စဖွယ်ကောင်းသကဲ့သို့ နိဗ္ဗာန်တည်းဟူသော မြို့တော်ကြီးသည်လည်း ငြိမ်းချမ်း သာယာမှုအရှိဆုံး, ပျော်ရွှင်ဖွယ်အကောင်းဆုံး, နေချင့်စဖွယ်အကောင်းဆုံး မြို့တော်ကြီးပင် ဖြစ်ပါသည်။

မှန်ပါသည်။ နိဗ္ဗာန်၌ အမှိုက်သရိုက် အညစ်အကြေးများနှင့် တူသော ရာဂ,ဒေါသ,မောဟဟူသော အညစ် အကြေးများလည်း မရှိပါ။လက်နက်များ မျိုးစုံဖြင့် ပစ်ခတ်တိုက်ခိုက်, ဗုံးခွဲ, ခေါင်းဖြတ် သတ်ဖြတ်တတ်သည့် သောင်းကျန်းသူ အကြမ်းဖက်သမားများနှင့်

တူသောလောဘ,ဒေါသ,မောဟဟူသော သောင်းကျန်းသူ အကြမ်းဖက်သမားများလည်း မရှိပါ။ စင်စစ်သော်ကား နိဗ္ဗာန်၌ သန္တိသုခအေးမြငြိမ်းချမ်းသော သဘောသာ ရှိပေသည်။ သန္တိသုခသဘောကား ရုပ်နာမ် သင်္ခါရတို့ ချုပ်ငြိမ်းသဖြင့် အေးမြငြိမ်းချမ်းခြင်း သဘောပင်ဖြစ်သည်။

**''ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုသည့် ဝဋ်ဆင်းရဲများငြိမ်းရာကို နိဗ္ဗာန်ဟုခေါ်သည်။ ကိလေသဝဋ်ဆိုသည်မှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုသည့် ကိလေသာများပင်ဖြစ်သည်။ ကမ္မဝဋ်ဆိုသည်မှာ သင်္ခါရ, ကမ္မဘဝဆိုသည့် ကုသိုလ်ကံ, အကုသိုလ်ကံများပင် ဖြစ်သည်။ ဝိပါကဝဋ် ဆိုသည်မှာ ယင်းကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးဖြစ်သည့် ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ပင်ဖြစ်သည်။''**

ထိုနိဗ္ဗာန်ဟူသော မြို့တော်ကြီးသည်ကား ပျော်စရာအကောင်းဆုံး , နေချင့်စဖွယ်အကောင်းဆုံး မြို့တော် ကြီးပင်ဖြစ်ပါသည်။ ယခု ဖေါ်ပြခဲ့သော မြို့ကြီးနိုင်ငံကြီးများ ပျော်စရာကောင်းပုံ နေချင့်စဖွယ်ကောင်းပုံထက် အဆပေါင်းများစွာ သာသော မြို့တော်ကြီးဖြစ်ပါသည်။ နှိုင်းယှဉ်စရာပင် မဟုတ်ပါ။ မည်သူတွေပျော်ရွှင်စွာ နေထိုင်ကြပါသနည်း။ အရိယာပုဂ္ဂိုလ်များပျော်ရွှင်စွာနေကြပါသည်။ အရိယာပုဂ္ဂိုလ်တို့သည် ခန္ဓာကိုယ်ဒြပ် ထင်ရှားရှိစဉ် မိမိတို့၏ နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ်ဝင်စားတော်မူကြသည်။ ထိုဖလသမာပတ် ဝင်စားခိုက်ဝယ် နိဗ္ဗာန်ကို အာရုံမှန်းလျက် စိတ်တမ်း၍ နေရခြင်းသည်ပင် အင်မတန်ချမ်းသာကြသော ဟူ၏။ ထို့ကြောင့် ထေရာထေရီ အလီလီတို့ ရွှေပြည်နိဗ္ဗာန်ဝင်စံခါနီးဝယ် ဥဒါန်းဂါထာများကို ကျူးကာကျူးကာ ရုပ်နာမ်ခန္ဓာကို အားရပါးရ စွန့်ခဲ့ကြပေသည်။ ထို့ကြောင့်ပင် စာဆိုရှင်က "ပြည်သာနိဗ္ဗာန်" ဟု ဖွဲ့ဆိုခြင်းဖြစ် ဟန်တူပါသည်။

"သတ္တဝါဟော်၊ ယာဉ်မျုးတော်ဟု၊ ကျော်သည်ငါ့ကို၊ မှီပုန်းခိုမှ၊ မငြိုမငြင်၊ ပြည်ထင်ရိမဒ်၊ အတတ်ပညာ၊ ပွားကာကာလျှင်"(ပါရမီတော်ခန်းပျို့ပိုဒ်ရေ-၄)

"နိဗ္ဗာန်သောင်သို့ အပြည့်အစုံဆောင်ပို့တော်မူတတ်သောကြောင့် ယာဉ်မျုးတော်ကြီး (သတ္တဝါဟ) ဟုကျော်စောသော ငါဘုရားကို မငြိုမငြင်ဘဲ မှီခိုဆည်းကပ်မှသာ ကိလေသာရန်ကို နှိပ်နင်း အောင်မြင်ရာဖြစ်၍ ထင်ရှားသော နိဗ္ဗာန်ပြည်မြတ်သို့ ရောက်ရာရောက်ကြောင်းအတတ်ပညာကို ပွားများကြပြီး၍"

ဖေါ်ပြပါ အဖွဲ့၌ "ရိမဒ်" ဟူသည် "အရိမဒ္ဒန" ပါဠိ၏ အတိုစကားဖြစ်သည်။ "အရိ"ရန်သူ (ကိလေသာရန်သူ)၊ မဒ္ဒန=နှိပ်နင်းခြင်း၊ ကိလေသာရန်သူကို နှိပ်နင်း၍ အောင်မြင်ရာ ပြည်နိဗ္ဗာန်ကို ဆိုလိုသည်။ မဂ်ဖြင့် ကိလေသာတို့ကို ပယ်သတ်ရာတွင် နိဗ္ဗာန်ကို အာရုံပြုလျက် ပယ်သတ်ပါသည်။ နိဗ္ဗာန်က မဂ်အားအာရုံအဖြစ်ဖြင့် (အာရမ္မဏပစ္စယသတ္တိဖြင့်) ကျေးဇူးပြုပါသည်။ ထိုသဘောကို "မဂ်ဉာဏ်သည် ဂေါတြဘူပေးအပ်သော အမှတ်သညာကို မလွှတ်ဘဲသာလျှင် နိဗ္ဗာန်ကို အာရုံပြုလျက် ရှေးက မဖောက်ခွဲအပ်ဘူးသေးသော လောဘအစိုင်အခဲ စသည်တို့ကို ဖောက်ခွဲ၏"ဟု (ဘိ၊ဋ္ဌ၊၁။စာ--၂၇၇)၌ ဖွင့်ဆိုပါသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကလည်း နိဗ္ဗာန်၏ ကိလေသာတို့ကို ပယ်သတ်ပုံသဘောကို အောက်ပါအတိုင်း မိန့်ဆိုထားပါသည်။

ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဆိုသည့် ဝဋ်ဆင်းရဲများ ငြိမ်းရာကို နိဗ္ဗာန်ဟု ခေါ်သည်။ ကိလေသဝဋ်ဆိုသည်မှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုသည့်

ကိလေသာများပင်ဖြစ်သည်။ ကမ္မဝဋ်ဆိုသည်မှာ သင်္ခါရ, ကမ္မဘဝဆိုသည့် ကုသိုလ်ကံ, အကုသိုလ်ကံ များပင် ဖြစ်သည်။ ဝိပါကဝဋ်ဆိုသည်မှာ ယင်းကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးဖြစ်သည့် ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ပင်ဖြစ်သည်။ ထင်ရှားအောင် တင်ပြရပါလျှင် မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြံသိတိုင်း ထင်ရှား ဖြစ်ပေါ်နေသော တရားများသည် ဝိပါကဝဋ်ပင် ဖြစ်သည်။

ထိုမြင်သိ ကြားသိစသည်ဖြစ်သည့်အခါ အမှန်အတိုင်း မသိဘဲ အမှားသိမြင်ခြင်းသည် အဝိဇ္ဇာ ဖြစ်၏။ အဘယ်သို့နည်းဆိုလျှင် မြင်သိတာ ငါပဲ၊ ကြားသိတာ ငါပဲ၊ ငါက မြင်တယ်၊ ကြားတယ် စသည်ဖြင့် အမှားသိမြင်ခြင်းသည် အဝိဇ္ဇာဖြစ်၏။ ထိုမြင်ခြင်း ကြားခြင်းစသည်ကို မြဲတယ်၊ ကောင်းတယ် စသည်ဖြင့် ထင်သည့် အမှားသိသည့် အဝိဇ္ဇာပင်။ အဲဒီတော့ မြင်ရတာ ကြားရတာစသည်ကို နှစ်သက် သာယာသည်။ ယင်းမှာ တဏှာပင်တည်း။ အဲဒီလို နှစ်သက်သာယာ၍ စွဲလမ်းသည်က ဥပါဒါန်ပင်ဖြစ်၏။ အဲဒါဟာ ကိလေသဝဋ်ဆိုသည့်တရားများ မပြတ် ဖြစ်နေပုံပင် ဖြစ်၏။

ယင်းသို့ နှစ်သက်သာယာပြီး စွဲလမ်းသဖြင့် မိမိအလိုအတိုင်း ပြီးစီးအောင် ပြုလုပ်အားထုတ်သည်။ အဲဒါက သင်္ခါရ ကမ္မဘဝဆိုသည့် ကမ္မဝဋ်ပင်ဖြစ်၏။ ယင်းကံကြောင့် သေသည်၏အခြားမဲ့၌ ပဋိသန္ဓေ စိတ်မှစ၍ ဘဝအသစ်ဖြစ်ရသည်။ အဲဒါက ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုသည့် အကျိုး တရား ဝိပါက ဝဋ်ပင်ဖြစ်၏။ ယင်းဝိပါကဝဋ်မှာ ယခု မြင်မှုကြားမှုစသည်မျိုးတွေပင် ဖြစ်၏။

ထိုမြင်မှုကြားမှုစသော ဝိပါကဝဋ်ကို မှီပြီး အဝိဇ္ဇာစသော ကိလေသဝဋ်ဖြစ်ရပြန်သည်။ ယင်း ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်ရပြန်သည်။ ထိုကမ္မဝဋ်ကြောင့် ဘဝသစ်၌ အကျိုးဝိပါကဝဋ်တရား တွေ ဖြစ်ရပြန်သည်။ ဤပုံဤနည်း ဝဋ်သုံးပါးမှာ အဖန်ဖန် အထပ်ထပ် မပြတ်လည်ပြီး ဖြစ်နေသည်။ ယင်းသို့ မပြတ်ဖြစ်နေရာတွင် ရှုမှတ်မှု ဝိပဿနာ ဉာဏ်၏ အစွမ်းဖြင့် အရိယမဂ်ဖြစ်ပေါ်ပြီး နိဗ္ဗာန်ကို မြင်သွားလျှင် အဝိဇ္ဇာအစရှိသော ကိလေသ ဝဋ်တရား တွေ မဖြစ်နိုင်တော့ပေ။ ကိလေသာမရှိတော့ ကမ္မဝဋ် ဆိုသည့် ကံတွေလည်း မဖြစ်နိုင်တော့ပေ။ ဖြစ်ပြီးကံ များကလည်း အကျိုးမပေးနိုင်တော့ပေ။ ထို့ကြောင့် ရဟန္တာမှာ ပရိနိဗ္ဗာနစုတိမှ နောက်ဘဝသစ် ရုပ်နာမ် အကျိုး တရားတွေ မဖြစ်ပေါ်လာတော့ဘဲ လုံးဝ ပြတ်ငြိမ်းသွားသည်။ ဤသည်မှာ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို မြင်ပြီး ငြိမ်းခြင်းဖြစ်သည်။ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကိုတွေ့မြင်လျက် ရောက်သည့်အခါ ဝဋ်ဆင်းရဲ များ လုံးဝငြိမ်းသွားသောကြောင့် ယင်းအငြိမ်းဓာတ်ကို 'ငြိမ်းရာနိဗ္ဗာန်' ဟုဆိုသည်။ (မဟာစည်ဆရာတော်၊ နိဗ္ဗာန်ဆိုင်ရာ တရားတော်။စာ-၄)

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များသည် ကုသိုလ် ပြုလေတိုင်း "ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု=ကျွန်ုပ်၏ ဤကောင်းမှုသည် နိဗ္ဗာန်ကို ရခြင်း ၏ အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း" ဟု ဆုတောင်းတတ်ကြပါသည်။ တောင်းလည်း တောင်းသင့်ကြပါသည်။ နိဗ္ဗာန်၌ ဒုက္ခမျိုးစုံမရှိဘဲ အေးချမ်းသာယာ လှပါသည်။ သာယာသော ပြည်ကြီး ဖြစ်ပါသည်။ သို့ဖြစ်၍ စာဖတ်ပရိသတ်များ တောင်း သောဆုနှင့် ပြည့်စုံကြပါ စေဟု ဆုတောင်းပေးလိုက်ရ ပါသတည်း။

တက္ကသိုလ်သောတုဇန (မဟာဓမ္မာစရိယ)

## မုယောမုန့်နှင့် တစ်ပြည်လုံးပိုင်

အရှင်ကေလာသ (မစိုးရိမ်)

"မြတ်နိုးသဒ္ဓါ၊ စေတနာဖြင့်၊ လှူပါသမှု၊ ဒါနစုကား၊ ဝတ္ထုညံ့နှံ့၊ မုယောမုန့်မှ၊ မကျုံ့ကျယ်စွာ၊ နန်းသိင်္ဂါနှင့်၊ ဗာရာပြည်လုံး၊ ကျုံး၍အုပ်စိုး၊ နုဘော်ဖြိုး၏"။

အထက်ဖော်ပြပါ လင်္ကာလေးသည် ဒါနကုသိုလ်ကောင်းမှု၏အကျိုးကို ဖော်ဆောင် ညွှန်းထားခြင်း ဖြစ်ပေသည်။ ထိုလင်္ကာလေး၏ ဖော်ဆောင်ညွှန်ပြချက်မှာ လှူဒါန်းပေးကမ်းအပ်သော အလှူဝတ္ထုပစ္စည်းသည် ယုတ်ညံ့နည်းပါး တန်ဘိုးအနည်းငယ်သာရှိသော ပစ္စည်း မုယောမုန့် (ဆန်ကြမ်းမုန့်) ကလေးတစ်ချပ်၊ ထိုဝတ္ထုပစ္စည်း မပြောစလောက်လေးကို စေတနာသဒ္ဓါဖြူစင်စွာနဲ့ ပေးကမ်းလှူဒါန်းလိုက်သောကြောင့် ထိုအလှူ၏ အကျိုးအနေဖြင့် ဗာရာဏသီတစ်ပြည်လုံးကို အုပ်စိုးရသည့် အာနုဘော်အစွမ်းကို ရရှိခဲ့သည်ဟု ဖော်ပြထားခြင်း ဖြစ်သည်။

မှန်ပေသည်။ ပေးကမ်းစွန့်ကြဲလှူဒါန်းရာတွင် အလှူဝတ္ထု၏ ကြီးကျယ်မြင့်မြတ်မှု၊ အလှူဝတ္ထု၏ နည်းပါး ယုတ်ညံ့မှုသည် ပဓာနမကျပေ။ လှူဒါန်းပေးကမ်းရာတွင် စေတနာသာ အဓိကကျပေသည်။ လှူဒါန်းမှုနှင့်ပတ်သက်၍ စေတနာသည် သုံးမျိုးရှိသည်။ ထိုသုံးမျိုးမှာ -

၁။ ပုဗ္ဗစေတနာ = မလှူမီရှေးက ကြိုတင်၍ ဖြစ်ပေါ်လျက် ရှိသော စေတနာ။

၂။ မုဉ္စစေတနာ = လှူဒါန်းဆဲအခါဖြစ်ပေါ်နေသော စေတနာ။

၃။ အပရစေတနာ = လှူဒါန်းပြီးနောက် ဖြစ်ပေါ်လျက် ရှိနေသော စေတနာ-တို့ ဖြစ်သည်။

ကုသိုလ်ပြုလုပ်ရာတွင် စေတနာသုံးတန် ဖြူစင်ဘို့ လိုအပ်ပေသည်။ စေတနာသုံးတန် ဖြူစင်လျှင် အကျိုး ပေးရာ၌လည်း ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေးမည် ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားသခင်က -

"ပုဗ္ဗေဝ ဒါနာ သုမနော၊
ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊
သော ယညဿ သမ္ပဒါ"- ဟု ဟောတော်မူခဲ့ခြင်း ဖြစ်သည်။

ထိုဂါထာတော်၏အဓိပ္ပါယ်မှာ - အလှူကို မလှူမီက လှူဒါန်းရတော့မည်ကို ဝမ်းသာခြင်း ကောင်းသောစိတ် ရှိသည်ဖြစ်၍ လှူရာ၏။ လှူဒါန်းဆဲအခါ၌လည်း စိတ်ကို ကြည်လင်ခြင်းကို ဖြစ်စေရာ၏။ လှူဒါန်းပြီးနောက်၌လည်း စိတ်ရွှင်လန်းဝမ်းမြောက်ခြင်းကို ဖြစ်စေရာ၏။ ဤကဲ့သို့ စေတနာသုံးတန် ဖြူစင်၍ နေခြင်းကား အလှူကောင်းမှု၏ ပြည့်စုံခြင်းတည်း"ဟု ဆိုလိုပေသည်။

အလှူဒါနပြုလုပ်ရာတွင် စေတနာသုံးတန် ပြည့်စုံစေရန်မှာ လွန်စွာခဲယဉ်းပေသည်။ လောကတွင်လည်း တွေ့ကြုံမြင်တွေ့ဘူးကြပေလိမ့်မည်။ အချို့သောသူတို့သည် မလှူမီက မိမိလှူဒါန်းရတော့မည်ကို ဝမ်းသာအားရ ဖြစ်နေကြသည်။ အလှူဒါနအတွက် ကြိုတင်ပြင်ဆင်မှုများကို ဝမ်းပန်းတသာ ကြိုးစားကြသည်။ ထိုသို့ ဝမ်းသာအားရကြိုတင် ပြင်ဆင်ကြပြီးသော်လည်း လှူဒါန်းဆဲအခါတွင် တစ်စုံတစ်ခုသော အကြောင်းကြောင့် မိမိလှူဒါန်းနေ ရသည်ကို စိတ်ကွက်တတ်ကြသည်။ လှူဒါန်းမှုကိုတော့ ဆက်လက်ပြုလုပ်နေကြသည်၊ စိတ်ကတော့ မကြည်လင် တော့ပေ။ အချို့သောသူတို့သည်ကား မလှူခင်ကလည်း ဝမ်းသာနေ၊ လှူဒါန်းဆဲအခါမှာလည်း စိတ်ကြည်လင်၊ သို့သော် လှူဒါန်းပြီးအခါ၌ကား တစ်စုံတစ်ခုသော

အကြောင်းကြောင့်ပင် မိမိလှူဒါန်းပြီးသည်ကို "ငါမှားသွားပြီ" စသည်ဖြင့် စိတ်ကွက်တတ်ကြလေသည်။ ဤကဲ့သို့ ဖြစ်ခဲ့သော် ထိုလှူခဲ့သောအလှူသည် အကျိုးကြီးမားမှု မရှိနိုင်တော့ပေ။ ထို့ကြောင့် မိမိလှူဒါန်းမှုအပေါ်တွင် စေတနာကြည်လင်ဘို့ အရေးကြီးပေသည်။ ထိုစေတနာတွင်လည်း အပရစေတနာသည် အလွန်အရေးကြီးပေသည်။ အပရစေတနာချို့ပျက်ကွက်ပါက "ညောင်ပင်ကြီးလောက် လှူဒါန်းသော်လည်း ညောင်စေ့လောက်သာ" အကျိုးကျေးဇူး ရရှိပေမည် ဖြစ်သည်။ "ညောင်စေ့လောက်သာ" ဆိုရာ၌ ပစ္စည်း ဥစ္စာ ရရှိမှု၊ မရရှိမှုကို မဆိုလိုပေ၊ ပစ္စည်းဥစ္စာ နည်းပါးခြင်းလည်း ဖြစ်နိုင်သည်။ များစွာ ချမ်းသာခြင်းလည်း ဖြစ်နိုင်သည်။ ပစ္စည်းများစွာရှိသော်လည်း ထိုပစ္စည်းဥစ္စာတို့ကို သုံးဆောင်ခြင်း၊ သုံးဆောင်လိုသောစိတ် မရှိသဖြင့် ဆင်းရဲသောသူ မသုံးဆောင်နိုင်သကဲ့သို့ပင် ဖြစ်သည်ကိုသာ ဆိုလိုပေသည်။

လှူဒါန်းရာတွင် အပရစေတနာ ချို့တဲ့မှုကြောင့် အကျိုးပေးနည်းပါးပုံကို သာဓကတစ်ခု ထုတ်ပြလိုပါသည်။ မြတ်စွာဘုရားသခင် လက်ထက်တော်က သာဝတ္ထိပြည်တွင် ပစ္စည်းဥစ္စာ ပေါများကြွယ်ဝသော သူဌေးတစ်ဦးရှိသည်။ သူ့အမည်ကား အာဂန္တုကအမည်ရှိသည်။ သူကား ပစ္စည်းဥစ္စာ ပေါကြွယ်ဝသော်လည်း သားမယား မရှိ။ သူသည် ပစ္စည်းဥစ္စာ ချမ်းသာသော်လည်း အစားအသောက်၊ အသုံးအဆောင်တို့ကို သုံးဆောင်ရာတွင်ကား ဆင်းရဲသားကဲ့သို့ပင် ညံ့ဖျင်းလှသော ပစ္စည်းတို့ကိုသာ သုံးဆောင်သည်။ စားသောက်ရာတွင် ကောင်းမြတ်သော ဘောဇဉ်တို့ကို မစား၊ အညံ့ကိုသာ စား၏။ အဝတ်အထည်ကိုလည်း ကာသိတိုင်းခေါ်သော တိုင်းတစ်ပါးမှလာသော အဝတ်အထည်ကောင်းကို မဝတ်ရုံ မသုံးစွဲ၊ ကြမ်းတမ်းသောအဝတ်ကိုသာ ဝတ်ရုံ၏။ လမ်းခရီးသွားရာတွင်လည်း ရွှေ၊ငွေ၊ ပတ္တမြားတို့ စီခြယ်ထားပြီး အာဇာနည်မြင်းကသော (ဆွဲသော) ရထားကို မစီး၊ ရိုးရိုးသစ်သားရထားကိုသာ စီး၏။ ရွှေထီးကိုလည်း မဆောင်း၊ သစ်ရွက်ထီးကိုသာ ဆောင်း၏။ ထိုသူဌေးသည် ပစ္စည်းဥစ္စာတို့ကို အညံ့အဖျင်းကိုသာ ကိုယ်တိုင် သုံးဆောင်သလို အခြားသူတို့အားလည်း ပေးကမ်းလှူဒါန်းခြင်း မပြုခဲ့။ ဤသို့နည်းအားဖြင့် အသက်ထက်ဆုံး ကျင့်သုံးနေထိုင်ခဲ့ပြီး သေဆုံးသည့်အခါ ရောရုဝရဲ၌ ဖြစ်ရလေသည်။ ထိုသူဌေး၏ ပစ္စည်းဥစ္စာတို့ကို ကောသလမင်းသည် သိမ်းဆည်းခဲ့ရလေသည်။ ပစ္စည်းဥစ္စာတို့ကား ခုနစ်ရက်မျှ သယ်ဆောင်ခဲ့ရလေသည်။ ကောသလမင်းသည် ထိုသူဌေး၏ ပစ္စည်းဥစ္စာကြွယ်ဝခြင်းအကြောင်းနှင့် ထိုစည်းစိမ်ဥစ္စာတို့ကို သုံးဆောင်ခြင်း မပြုသည့်အကြောင်းကို မြတ်စွာဘုရားသခင်အား မေးလျှောက်ထားလေသည်။

မြတ်စွာဘုရားသခင်သည် ထိုသူဌေး၏အတိတ်ဘဝဇာတ်ကြောင်းကို ဟောတော်မူလေသည်မှာ- လွန်လေပြီးသောအခါ၌ ဗာရာဏသီပြည်၌ ဗာရာဏသီသူဌေးသည် တစ်နေ့သောအခါ တဂ္ဂရသိခီမည်သော ပစ္စေကဗုဒ္ဓါအား မိမိတို့အတွက် စီစဉ်ထားအပ်သော ကောင်းမွန်သော ဘောဇဉ်တို့ကို မိမိ၏ အမှုလုပ်ယောကျာ်းကို လှူစေခိုင်းခဲ့ပြီးနောက် ပစ္စေကဗုဒ္ဓါ၏ သပိတ်ထဲမှ ဆွမ်းကိုကြည့်၍ ဝမ်းမြောက်မှုမဖြစ်နိုင်ဘဲ "ငါသည် ဤထမင်းကို ကျွန်၊ အမှုလုပ်တို့ကို စားစေရသော် ငါ၏ အမှုကိစ္စတို့ကို ပြုကုန်ရာ၏၊ ငါ့အား နှုံးစွာ့တကား" ဟု စဉ်းစားတွေးတောခဲ့လေသည်။ ထိုအာဂန္တုကသူဌေးသည် ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခဲ့သောကြောင့် များစွာသော စည်းစိမ်တို့ကိုရခဲ့လေသည်။ အပရစေတနာ ချွတ်ယွင်းခဲ့မှုကြောင့် ရရှိထားသော ပစ္စည်းတို့ကို သုံးဆောင်နိုင်ခြင်း မရှိဖြစ်လေသည်ဟု ဟောတော်မူခဲ့လေသည်။

အပရစေတနာ ချွတ်ယွင်းခဲ့သော် မိမိ၌ ရရှိထားသော ပစ္စည်းဥစ္စာတို့ကို သုံးဆောင်ခံစားနိုင်ခြင်း မရှိဘဲ

ထိုပစ္စည်းတို့ကို စောင့်ကြပ်၍သာ နေရမည် ဖြစ်သည်။ ထိုသို့ စောင့်ကြပ်ခြင်း အစောင့်အဖြစ်အနေနှင့်သာ ဘဝဆုံး၍ မိမိစည်းစိမ်တို့ကို အခြားသူတို့ သုံးဆောင်ရန် ထားရစ်ခဲ့ရမည်သာ ဖြစ်သည်။ ဇာတ်တော်၌ ဘုရားလောင်း ဥပမာပေးဟောကြားထားသည်မှာ- တောင်လျှဉ်တောင်ဝှမ်း ချောက်ကြား၌ ကျက်စား နေသော မယှက အမည်ရှိတဲ့ ငှက်တစ်ကောင်သည် အသီးတို့ဖြင့် ဝေဆာနေသော ညောင်ကြပ်ပင်သို့ တက်ပြီး 'ငါ့ဥစ္စာ၊ ငါ့ဥစ္စာ'ဟု တကျီကျီ မြည်တမ်းနေစဉ်မှာ အခြားသော ငှက်တို့က စုဝေးလာရောက်ကြ၍ စား သောက်ပြီး ပျံသန်းသွားကြသော်လည်း မယှကငှက်ကား မြည်တမ်းလျှက်သာ နေသကဲ့သို့ပင်ဟု ဟောကြားထား ပေသည်။ ယခုခေတ်အသုံးစကားနှင့် ပြောဆိုရသော် 'ကောက်ရိုးပုံစောင့်သောခွေး' နှင့် တူပေမည်။ ခွေးကား ကောက်ရိုးကို စားလည်း မစားနိုင်၊ စောင့်ရှောက်၍သာ နေရပေသည်။ ထို့ကြောင့် အလှူဒါနပြုလုပ်ပြီးသည့် နောက်တွင် အပရစေတနာ မပျက်စီးစေရန် အလွန် အရေးကြီးပေသည်။

ထိုအပရစေတနာသည် စောင့်ရှောက်ဘို့ရန် အလွန်ခဲယဉ်းသောအရာ ဖြစ်သည်။ ထိုအပရစေတနာ ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ပုံကို ဘုရားအလောင်း တော် သေနကအမတ် ဖြေဆိုထားသည်ကို တွေ့ရ သည်။

ဗာရာဏသီပြည် မဒ္ဒဝမင်း အုပ်စိုးစဉ်ကာလ တခုသောကပွဲသဘင် (မျက်လှည့်ပြပွဲသဘင်)၌ ယောက်ျား တစ်ယောက်သည် သံလျက် (ဓားချွန်)ကို မျိုပြလေသည်။ ထိုပြကွက်ကို ကြည့်နေသော မဒ္ဒဝမင်း သည် ပညာရှိ အာယုရ အမတ်အား "လောက၌ ဤသို့ သံလျက်ကို မျိုခြင်းထက် ခက်ခဲသော အမှုသည် ရှိသေး သလော"ဟု မေး၏။ ပညာရှိအမတ်က "သံလျက်ကို မျိုခြင်းထက် တစ်စုံတစ်ခုကို ပေးမည်ဟု ပြောဆိုသော စကားသည် ခက်ခဲပေ၏"ဟု ဖြေဆိုလေသည်။ တဖန် မင်းသည် "ဤဥစ္စာကို ပေးမည်ဟု ဆိုသော စကားထက် ခက်ခဲသောအမှု ရှိသေးသလော"ဟု ပုက္ကုသအမတ်အား မေးပြန်ရာ အမတ်က "လောက၌ ပေးမည်ဟုဆိုသော စကားထက် ခက်ခဲသောအရာကား ပေးမည်ဆိုသော ပစ္စည်းကို ပေးခြင်းတည်း"ဟု ဖြေဆိုလေသည်။ တဖန် မဒ္ဒဝမင်းသည် ထိုအရာထက် ခက်ခဲသောအရာ ရှိမရှိကို သိလို၍ သေနကအမတ်အား "သန်လျက်ကို မျိုခြင်း၊ ပေးအံ့ဟူ၍ဆိုခြင်း၊ ပေးခြင်းထက် ခက်ခဲသောအရာ ရှိပါ သေးသလော"ဟု မေးပြန်လေသည်။ သေနကအမတ် သည် "မင်းကြီး. . လောက၌ တစ်စုံတစ်ယောက်သော သူသည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ လှူဒါန်း ပေးကမ်းစွန့်ကြဲမှုကို ပြု၏။ ထိုသူသည် ပေးလှူပြီးနောက် မိမိလှူဒါန်းပြီးသည်ကို 'ငါကား မှားခဲ့ပြီ'ဟု ပူပန် နောင်တရခြင်း မရှိ။ ထိုသို့ မှားပြီးဟု ပူပန်မှု မဖြစ်ခြင်း သည် အလွန်တရာမှ ခက်ခဲသောအရာ အတိဒုလ္လဘ ဖြစ်ပေသည်" ဟု ဖြေဆိုလေသည်။

လှူဒါန်းမှုပြုရန် မိမိကိုယ်တိုင်သာ စိတ်ကူး၊ မိမိ ကိုယ်တိုင် လှူဒါန်းခြင်းသာ ဖြစ်သည်။ ထိုသို့ ဖြစ်ပါလျက် လှူဒါန်းမှုပြုပြီးနောက် နောင်တတဖန် ဖြစ်ခြင်းသည်ကား မသင့်လျှော်သောအရာ ဖြစ်သည်။ မိမိကိုယ်တိုင် လက်နဲ့ရေးထားသောစာကို မိမိကိုယ်တိုင် ခြေနှင့် ဖျက် သကဲ့သို့ ဖြစ်သည်။ ထို့ကြောင့် အပရစေတနာကို မပျက်စီးစေရန် ထိန်းသိမ်းရမည် ဖြစ်သည်။

အလှူဒါနပြုရာတွင် စေတနာသုံးတန်နှင့် ပြည့်စုံပါက "ညောင်စေ့လောက်ပင် လှူစေကာမူ ညောင်ပင်ကြီးလောက် အကျိုးကြီးမားပေသည်"။ မြတ်စွာဘုရားသခင်လက်ထက်တော်က- သာဝတ္ထိပြည် တွင် မလ္လိကာအမည်ရှိသော ပန်းသည်မလေး တစ်ဦး ရှိ၏။ သူမသည် တစ်နေ့သောနံနက်တွင် ပန်းခူးဖော် သူငယ်ချင်းများနှင့်အတူ မုယောမုန့် သုံးခုကို ပန်းခြင်းထဲ ထည့်၍ ပန်းခူးထွက်လေသည်။ ထိုအချိန်တွင် မြတ်စွာ ဘုရားရှင်နှင့် သံဃာတော်တို့ မြို့တွင်းသို့ ဆွမ်းခံကြွတော်

မူလာရာ မလ္လိကာသည် ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးလျက် တင့်တယ်သပ္ပါယ်တော်မူသော မြတ်စွာဘုရားသခင်ကို ဖူးမြင်ရလျှင် ကြည်ညို သဒ္ဓါရှိလှစွာဖြင့် ဘုရားရှင်ကို ရိုသေစွာရှိခိုး၍ မိမိနေ့စာ အတွက် ထည့်ယူလာသော မုယောမုန့် သုံးခုတို့ကို ဆက်ကပ်လောင်းလှူလိုက်လေသည်။ မြတ်စွာဘုရား သခင်သည် မလ္လိကာ၏ အလှူကို လက်ခံပြီးနောက် မလ္လိကာကို ကြည့်တော်မူ၍ ပြုံးတော်မူလေသည်။ ထိုအကြောင်းကို အရှင်အာနန္ဒာက မေးလျှောက်သော အခါ ဘုရားရှင်က "အာနန္ဒာ. . ဤသတိုးသမီးသည် ထက်သန်သော သဒ္ဓါတရားဖြင့် မုယောမုန့်သုံးခုတို့ကို လှူဒါန်းရသော အကျိုးကြောင့် ယနေ့ပင်လျှင် ကောသလမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားကြီး ဖြစ်လိမ့်မည်"ဟု မိန့်ကြားတော်မူလေသည်။ ဘုရားရှင် မိန့်တော်မူသည့် အတိုင်း ထိုနေ့၌ပင် မလ္လိကာသည် မိဖုရားကြီးအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ထိုအကြောင်းသည် ရဟန်းတော်များကြား၌ပင် အံ့ဩဖွယ် ပြောစမှတ်ဖြစ်ခဲ့သည်။ ရဟန်းတော်တို့ကြား ပြောကြားခြင်းမှာကား ထိုအကြောင်းကို အခြေခံ၍ ဘုရားရှင်၏ ကျေးဇူးဂုဏ်ကို ပြောဆိုကြခြင်း ဖြစ်သည်။ ထိုကဲ့သို့ ပြောကြားနေကြရာဝယ် တစ်နေ့သ၌ ရဟန်းတော်တို့သည် တရားသဘင်၌ စုဝေးထိုင်နေကြ၍ စကားပြောနေကြစဉ် ဘုရားရှင် ကြွတော်မူလာ၍ "ချစ်သားတို့ . . . ငါဘုရား ကြွတော်မူလာသောအချိန်၌ သင်တို့သည် အဘယ်စကားကို ပြောဆိုကြလျက် စည်းဝေး ထိုင်နေကြသနည်း"ဟုမေးတော်မူရာ ရဟန်းတော်တို့က "မလ္လိကာပန်းသည်မလေး ဘုရားရှင်အား မုယောမုန့်လှူရသော အကျိုးကြောင့် မိဖုရားကြီး ဖြစ်ရပုံကို ပြောဆိုနေကြကြောင်း" လျှောက်ထားရာ ဘုရားရှင်က "ဤအဖြစ်သည် အံ့ဩဖွယ် မဟုတ်သေး၊ ရှေးက ပညာရှိတို့သည် ပစ္စေကဗုဒ္ဓါတို့အား ဆားလည်း မပါ၊ တင်လဲ (အချို)လည်း မပါ၊ အစေးခြောက်သော အညံ့စား မုယောမုန့်ကို ပေးလှူရသောကြောင့် ဒုတိယဘဝ၌ မင်းအဖြစ်ကို ရခဲ့ပေသည်"ဟု မိန့်တော်မူကာ ထိုအကြောင်းကို ဟောတော်မူခဲ့သည်။

အတိတ်ဘဝ တစ်ခုသောကာလ၌ ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်ဝယ် သူဆင်းရဲမျိုး၌ ဖြစ်လေ၏။ တစ်နေ့သောအခါ၌ သူသည် နံနက်စာအတွက် ဈေးမှ မုယောမုန့်လေးခု ဝယ်၍ အလုပ်သွားသော် လမ်းတွင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်လေးပါး ဆွမ်းခံကြွတော်မူလာသည်ကို တွေ့မြင်၍ "ဤအရှင်မြတ်တို့သည် ဆွမ်းအလို့ငှါ လှည့်လည်ကြကုန်၏။ ငါ့မှာလည်း မုယောမုန့်လေးခု ရှိ၏။ ငါသည် မုယောမုန့်လေးခုတို့ကို ငါ၏ နံနက်စာအတွက် မထားဘဲ အရှင်မြတ်တို့ကို ပေးလှူရသော် ကောင်းလေစွ"ဟု အကြံဖြစ်ပေါ်၏။ ထို့နောက် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား ရိုသေစွာရှိခိုးဦးချလျက် "အရှင်မြတ်တို့ဘုရား၊ တပည့်တော်၏ လက်ထဲ၌ရှိသော မုယောမုန့်လေးခုကို အရှင်ဘုရားတို့အား လှူပါ၏၊ အရှင်ဘုရားတို့သည် အလှူခံတော်မူပါ၊ ဤကောင်းမှုသည် တပည့်တော်၏ ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ ဖြစ်ပါလိမ့်မည် ဘုရား" ဟု လျှောက်ထား၍ လှူဒါန်းလိုက်လေသည်။ ထိုသို့လှူဒါန်းပြီးနောက် "တပည့်တော်၏ ဤမုယောမုန့်လေးခုကို လှူဒါန်းရသော ကောင်းမှုကြောင့် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိခြင်း၏ အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း"ဟု ဆုတောင်းလေသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် "တောင်းတဲ့ဆုနှင့် ပြည့်စုံပါစေ" ဟု ဆုပေးပြီး ကောင်းကင်သို့ ပျံတက်ကြွသွားတော်မူကြသည်။

ဘုရားအလောင်းသည်လည်း ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို မျက်စိတစ်ဆုံး ဖူးမျှော်ပြီးလျှင် အလုပ်သို့ ဆက်လက်ထွက်ခွါခဲ့လေသည်။ ဘုရားအလောင်းတော်သည် အသက်ထက်ဆုံး မိမိ၏ မုယောမုန့်အလှူကို သတိရလျက် သေလွန်သော် ဗာရာဏသီမင်း၏ အဂ္ဂမဟေသီ မိဖုရားကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေ

ယူခဲ့လေသည်။ ဖွားမြင်ပြီးနောက် အရွယ်သို့ ရောက်သော် မင်းသားတို့ တတ်မြောက်အပ်သော အတတ်ပညာတို့ကို သင်ကြားပြီးလျှင် အိမ်ရှေ့မင်း အဖြစ် တင်မြှောက်ခံရလေသည်။ ထိုမှနောက်၌ ဖခမည်းတော်မင်းကြီး နတ်ရွာစံသောအခါ ကောသလ မင်းကြီး၏ သမီးတော်ကို ဆောင်ယူ၍ မိဖုရားကြီးအဖြစ် တင်မြှောက်ပြီး မင်းအဖြစ် အဘိသိက်သွန်းလောင်းခံယူ ခဲ့လေသည်။

ဤအကြောင်းကို ရည်ရွယ်၍ "မြတ်နိုးသဒ္ဓါ၊ စေတနာဖြင့်၊ လှူပါသမှု၊ ဒါနစုကား၊ ဝတ္ထုညံ့နုံ့၊ မုယောမုန့်မှ၊ မကျို့ကျယ်စွာ၊ နန်းသိင်္ဂါနှင့်၊ ဗာရာပြည်လုံး၊ ကျုံး၍အုပ်စိုး၊ နုဘော်ဖြိုး၏"-ဟု မာန်လည်ဆရာတော် ဘုရားကြီးက လင်္ကာရေးဖွဲ့ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် လှူဒါန်းမှုပြုသည့်အခါ စေတနာ သုံးတန် ဖြူစင်ဘို့အရေးကြီးပေသည်။ ထိုတွင်လည်း ပုဗ္ဗစေတနာ, မုဉ္စစေတနာတို့ကား များသောအားဖြင့် ဖြူစင်ကြမည် ဖြစ်ကြသော်လည်း အပရစေတနာ ဖြူစင် သန့်ရှင်းနေရန် ခဲယဉ်းပေသည်။ အပရစေတနာ ချို့ခဲ့ သော် ညောင်ပင်ကြီးလောက် လှူစေကာမူ ညောင်စေ့ လောက်သာ အကျိုးရမည် ဖြစ်သည်။ အမြဲမပြတ် ဖြူစင် သန့်ရှင်းစေနိုင်ရန် စေတနာထားဘို့ ခဲယဉ်းလှသော အပရစေတနာ ဖြူစင်သန့်ရှင်းလျက်ရှိသော် အကျိုးပေး ရာတွင် ညောင်စေ့လောက်ပင် လှူသော်လည်း ညောင် ပင်ကြီးလောက် အကျိုးပေးမည် ဖြစ်ကြောင်း တိုက်တွန်း လိုက်ရပေသည်။။

အရှင်ကေလာသ (မစိုးရိမ်)

## လူမိုက်နှင့်ပညာရှိ

ငါသာတတ်သိ၊ ပညာရှိဟု၊
မိမိကိုယ်သာ၊ မမှတ်ရာဘူး၊
ဌာနာဌာန၊ ညဏ်ချင့်ဆလော့၊
ကိစ္စနှစ်ပါး၊ အရာအားဖြင့်၊
ယောက်ျားမပြီး၊ မိန်းမပြီး၏၊
သမီးနှင့်သား၊ မိဘများက၊
မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊
ဆောင်ရန်ဝန်ကို၊ မလွန်စေနှင့်။
(မဃဒေဝလင်္ကာသစ်၊ ၂၀၁)

ကာလ,ဒေသ၊ ပုဂ္ဂလကို၊
နှိုင်းဆမရှိ၊ မသိတတ်သူ၊
သူမိုက်ဟူ၏၊
သိမှုပဏ္ဍိ၊ ပညာရှိရှင့်၊
သတိမဲ့စွာ၊ ပညာကင်းပ၊
လူ့ဗာလကား၊ ဒေါသတရား၊
မာနကြွား၏။
(မဃဒေဝလင်္ကာသစ်၊ ၁၉၅)

# ကျောင်းဒကာကြီး ဧွးမ

ဦးသုခ

မြတ်စွာဘုရား လက်ထက်တော်က မဇ္ဈိမဒေသ တိုင်းပြည်အသီးသီး မြို့ကြီးအသွယ်သွယ်၌ ပစ္စည်းဥစ္စာ ကုဋေကုဋာချမ်းသာသော ၁- ခတ္တိယသေဋ္ဌိ = မင်းမျိုးသူဌေး၊ ၂- ဗြာဟ္မဏသေဋ္ဌိ = ပုဏ္ဏားမျိုးသူဌေး၊ ၃- ဝေဿသေဋ္ဌိ = ကုန်သည်မျိုးသူဌေး၊ ၄-မဟာသေဋ္ဌိ = သူဆင်းရဲအမျိုးမှ ကံအားလျော်စွာ ကြွယ်ဝလာသော သူဌေးဟူသော သူဌေးကြီးများ အများအပြား ရှိခဲ့ကြသည်။

၁။ ဇောတိက၊ ၂။ ဇဋိလ၊ ၃။ မေဏ္ဍက၊
၄။ ကာကောဏ္ဍ၊ ၅။ ပုဏ္ဏ၊ ၆။ ကာကဝလိ။
၇။ အနာထပိဏ်။

ထိုသူဌေးကြီး ခုနစ်ဦးတို့အနက် အနာထပိဏ် သူဌေးကြီးမှာ အထင်ရှားဆုံးဖြစ်သည်။ အလှူအတန်း ရက်ရောသည့်နေရာမှာ နာမည်နှင့်လိုက်အောင် 'အနာထပိဏ္ဍ- ကိုးကွယ်ရာမဲ့သူများအား ထမင်းကျွေးသူ' ဟူ၍ ထင်ရှားခဲ့သည်။

တစ်ရံရောအခါ မိမိနေရာ သာဝတ္ထိမြို့မှ ရာဇဂြိုဟ်သို့ လှည်းပေါင်းငါးရာဖြင့် ကုန်ကူး သွားသည်။ ရာဇဂြိုဟ်သူဌေးမှာ မိမိနှင့် သမီးယောက်ဖ ဖြစ်သဖြင့် သူ့တိုက်မှာ တည်းခို၍ အရောင်းအဝယ် ပြုမြဲ ဖြစ်သည်။ ရာဇဂြိုဟ်သူဌေးကလည်း ယောက်ဖတော်အား ခရီးဦးကြို၍ ဧည့်ဝတ် ကျေပွန်လှစွာ အရောင်းအဝယ်ကိစ္စပါ တာဝန်ယူမြဲ ဖြစ်သည်။ ထိုတစ်ခေါက်တွင်ကား ရာဇဂြိုလ်သူဌေးသည် အနာထပိဏ်သူဌေးကြီးအား သာမန်နှုတ်ဆက်ရုံမျှသာရှိပြီး သူ့အိမ်သူအိမ်သား အိမ်ဖော်အစေခံများနှင့် မအားမလပ်အောင် စားမှုသောက်မှုများကို အရေးတကြီး အကောင်းမွန်ဆုံး ဖြစ်စေရန် စီစဉ်ညွှန်ကြား တပင်တပန်း ရှိနေသည်။

အနာထပိဏ်သူဌေးကြီးက ထင်လိုက်သည်။ သားကိုသော်လည်းကောင်း၊ သမီးကိုသော်လည်းကောင်း လက်ထပ်မင်္ဂလာဆောင်ပေးမည်ဖြစ်၍ ဧည့်ကောင်းဆောင်ကောင်း အရာရှိမင်းမှူးမတ်များအား ဧည့်ခံရန်ရှိနေသဖြင့်သာ မိမိကို အရေးတယူ အလေးမမူနိုင်လေသလား၊ သို့ဖြင့် ဖွင့်၍ မေးလိုက်သည်။

"ဘယ့်နှယ်. . . ဘယ်သမီး ဘယ်သားကို လက်ထပ်ထိမ်းမြားဖို့ အလုပ်တွေမအားဖြစ်နေရတာလဲ"

ထိုအခါမှ ရာဇဂြိုဟ်သူဌေးက သူ့ဝေယျာဝစ္စတွေကြားက အားနာပါးနာ တောင်းပန်ရှာသည်။

"ဩော်. . ကျွန်တော်မအားလို့ ဧည့်မခံနိုင်တာ ခွင့်လွှတ်ပါနော်။ ချက်မှုပြုတ်မှုတွေကို ကိုယ်တိုင်စီစဉ်နေရတာက နက်ဖြန်နံနက်မှာ ဗုဒ္ဓမြတ်စွာနဲ့တကွ သံဃာတော်များကို ဆွမ်းလုပ်ကျွေးရမှာမို့ အကောင်းဆုံးဖြစ်အောင် ကိုယ်တိုင်ကိုယ်ကျ စီမံနေရတာပါ"

"ဘာ. ဘာ. ဘာပြောတယ်၊ ဘယ်သူ့ကို ဆွမ်းလုပ်ကျွေးမယ်"

"ဗုဒ္ဓမြတ်စွာကိုယ်တော်ကိုပါ သူဌေးကြီး"

"ဗုဒ္ဓမြတ်စွာ. . . ဗုဒ္ဓမြတ်စွာ ဟုတ်လား"

"ဟုတ်ပါတယ်၊ အရဟံဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားကို ပြောတာပါ"

အနာထပိဏ်သူဌေးကြီး၏ နှလုံးသားဝယ် 'ဗုဒ္ဓ' ဟူသောအသံဖြင့် ဖရဏာပီတိ ဝွမ်းဆီထိသလို ဖြစ်သွားလေသည်။ သူ့အဖို့ကား ဤစကားကို ဦးစွာပထမ ကြားလိုက်ရသော သဝနမင်္ဂလာကြီး ဖြစ်လေသည်။ ထိုစကားကိုကြားရကာမျှနှင့် မကျေနပ်နိုင်တော့၊ အားရပါးရ ဖူးမျှော်ကြည်ညိုချင်သည်။ တွေ့ဖူးမြင်ဖူးချင်သည်။ သာဝတ္ထိနှင့် ရာဇဂြိုဟ်ကား ဝေးလွန်းလှသည်မှ မဟုတ်၊ ဘုံသုံးပါးမှာ ဘုရားစင်စစ် ဖြစ်တော်မူပြီ ပွင့်တော်မူပြီဟု မကြားမသိခဲ့ရသည်မှာ မိမိကိုယ်မိမိ ခွင့်လွှတ်စရာ မရှိ

စီးပွားရေးကိုသာ တရှိက်မက်မက် လိုက်ခဲ့လေခြင်း၊ ထို့ကြောင့် အပူတပြင်း မေးလိုက်သည်။

"အခု ဗုဒ္ဓမြတ်စွာ ဘယ်မှာ သီတင်းသုံးပါသလဲ ယောက်ဖကြီးရယ်၊ မင်းဟာ ကျုပ်ထက်သာတဲ့ ဗုဒ္ဓ ဉပါသကာ ဖြစ်နေပါပကော"

"သီတဝနတောရကျောင်းမှာ သီတင်းသုံးလျက် ရှိပါတယ်"

"အို၊ ဒါဖြင့် ကျုပ်အခုပဲသွား၍ဖူးတော့မယ်၊ ပါလာတဲ့ကုန်တွေကို လုပ်ချင်သလိုသာ လုပ်လိုက်ပေတော့"

"အို၊ အခုအချိန်မရှိတော့ပါဘူးလေ၊ နက်ဖြန်နံနက် အရုဏ်တက်လျှင် ဤတိုက်သို့ ဆွမ်းစားကြွတော်မူလာတော့မှာပဲ"

အနာထပိဏ်သူဌေးသည် မိုးလင်းအောင်မှ မစောင့်နိုင်ပါချေ။ အရုဏ်မတက်မီ အရောက်သွား၍ ဘုရားကို ဖူးမျှော်လိုက်ပါသတည်း။

ထို့နောက် မိမိနေရာ သာဝတ္ထိမြို့သို့ပြင့်ခဲ့သည်။ မြတ်စွာဘုရား မရောက်လာမီ ဇေတမင်းသားတို့ ဉယျာဉ်မြေကို ငွေပြားချင်းစပ်ကာ မတန်မရာ အဖိုးကြီးပေးဝယ်ပြီး သန်းပေါင်းတစ်ရာ့ရှစ်ဆယ် အကုန်အကျခံ၍ ဇေတဝန်ကျောင်းတော်ကြီးကို ဝေယံနတ်နန်းတမျှ ဆောက်လုပ်လှူဒါန်းသည်။ ဇေတမင်းသားတို့၏ မြေပေါ်တွင် ဆောက်သဖြင့် ဇေတဝန်ကျောင်းတော်ဟု ခေါ်ကြသော်လည်း မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်က (အနာထပိဏ္ဍိကဿ အာရာမေ) အနာထပိဏ်၏ ကျောင်းအရာမ်ဟု ကျောင်းဒကာကြီး၏အမည်ကို ထုတ်ဖော်ချီးမြှင့်တော်မူလေ့ရှိသည်။ သူဌေးကြီးကလည်း ကျောင်းဒါယကာဟူသည့် ဘွဲ့ထူးဂုဏ်ထူးဖြင့် ရောင့်ရဲကျေနပ်နေသည်မဟုတ်၊ ဗုဒ္ဓထံတွင် နိယံမပြတ် ပြုစုလုပ်ကျွေး၍ တရားတည်းဟူသော ဓမ္မရေအေးကို အမြဲတစေ သုံးဆောင်ခံစားနေသော, 'ဗုဒ္ဓဝလ္လဘ' ဘုရားနှင့် ရင်းနှီးကျွမ်းဝင်မှုရခဲ့သော သူတော်ကောင်း ကျောင်းဒကာကြီးဖြစ်ခဲ့သည်။

ဘုံစဉ်စံ အရိယာသုံးဦးဟူ၍ သောတာပန်သိကြားမင်း၊ ကျောင်းအမကြီး ဝိသာခါ၊ အနာထပိဏ်သူဌေးကြီးတို့ကို ရွှေနှုတ်မြွက်ဖော် ဗျာဒိတ်တော်ရှိခဲ့သည်။ မိမိကိုယ်တိုင်သာမက အပျော်အပါး အပေါင်းအသင်းများလှသောသားကို ငွေတစ်ရာပေး၍ ဗုဒ္ဓကျောင်းတော်သို့ တရားနာသွားရန် သိမ်းသွင်းခဲ့သည်။ ငွေတစ်ထောင်ပေး၍ တရားအနက်အဓိပ္ပါယ်ကို အမှတ်ခိုင်းသည်။ ထိုနည်းဖြင့် တရားထူးရစေခဲ့သည်။

တစ်ခါသောကာလဝယ် ဂုဏ်ရည်တန်းတူ သူဌေးသမီးတစ်ယောက်အား မင်္ဂလာဆောင်၍ ချွေးမအဖြစ် ကြီးကျယ်စွာ မြောက်စားခဲ့သည်။ ထိုအမျိုးသမီး၏ အမည်မှာ 'သုဇာတာ' ဖြစ်၏။ သုဇာတာသည် မိဘဂုဏ်၊ ပစ္စည်းဂုဏ်၊ အဆင်းရူပကာယဂုဏ်တို့ဖြင့် မာနကြီးသည်။ မောက်မာသည်၊ ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုသည်။ သူတော်ကောင်းများဖြစ်သော ယောက္ခမ အမိအဖအပေါ်၌သော်၎င်း၊ လင်သားအပေါ်၌၎င်း အလိုလိုက်သဖြင့် အမိုက်စော်ကားတတ်သည်၊ အခြွေအရံအစေခံများကို ငေါက်ငမ်းဆဲရေးလေ့ရှိသည်။ တစ်အိမ်လုံး သူ၏မာန်သံမဲသံဆဲရေးသံတို့ဖြင့် လွှမ်းမိုးနေသည်၊ ယောနိသောမနသိကာရရှိကြသော အနာထပိဏ် သူဌေးကြီးတို့မိသားစုက သည်းခံနေကြရသည်။

တစ်နေ့သောအခါ အနာထပိဏ်သူဌေးကြီးတို့ မိသားစုက ဗုဒ္ဓမြတ်စွာအား ဆွမ်းစားပင့်ဖိတ်သည်၊ မြတ်စွာဘုရားကြွတော်မူလာ၍ တိုက်၏အတွင်း ခင်းထားသောနေရာ၌ ထိုင်တော်မူလိုက်သည်နှင့် မကြာမြင့်မီ ကျောင်းဒကာကြီး၏ချွေးမ သုဇာတာအသံကို ကြားတော်မူလိုက်ရသည်။

"ဟဲ့-အယုတ်တမာ ကာဠီမ၊ ညစ်ပေမည်းကြုတ်တဲ့ နင့်လက်နဲ့ ငါ့မနောလင်ပန်းကို မထိနဲ့လို့ ပြောထားတယ်မဟုတ်လား၊ ငါရွံလိုက်တာ အသားမည်းမရဲ့"

"ဟိုခါးကုန်းမ မိခုဇ္ဇုတ္တရာက ဘာပြန်ကြည့်နေတာလဲ၊ လုပ်စရာရှိတာ လုပ်ပါလား"

"ကဲ-ဒီယတာလ ကိုပိန်ရှည် တီကောင်လောက်ရှိတဲ့ခါးနဲ့ တအိအိထမ်းနေလို့တော့ နေဝင်လို့မှ ငါရေချိုးရပါတော့မလား၊ ကျွန်တွေပီပီ ခိုဖို့ကပ်ဖို့ လိမ်ညာနေဖို့ပဲ တတ်တယ်၊တစ်အိမ်လုံး ဘယ်အကောင် ဘယ်ကောင်မမှ အသုံးမကျဘူး၊ အလကားဟာတွေ၊ အမျိုးယုတ်သလောက် စိတ်ပုတ်ရှိတာတွေ"

သုဇာတာက ဟစ်အော်ကြိမ်းမောင်းသည်၊ အခွေအရံ အစေခံများက ပြန်လည်ပြောပြတောင်းပန်ကြသည်၊ အမေးအဖြေ အပြောအဆို စကားသံများက ကျွတ်ကျွတ်ညံညံရှိနေကြသည်၊ ထိုအခါ မြတ်စွာဗုဒ္ဓက-

"သူကြွယ်,သင့်အိမ်၌လူတို့သည် ငါးကိုလုယက်ကြသော တံငါသည်တို့ကဲ့သို့ အဘယ်အကြောင်းကြောင့် ကျယ်လောင်သောအသံရှိကြကုန်သနည်း" ဟု မေးတော်မူသည်။

"အရှင်ဘုရား၊ ဤသုဇာတာမည်သော အိမ်ချွေးမကို ကြွယ်ဝချမ်းသာသော အမျိုးမှ ဆောင်ယူခဲ့ပါ၏၊ ထိုချွေးမသည် ယောက္ခမမိန်းမသူကိုသော်၎င်း၊ တပည့်တော်ကိုသော်၎င်း၊ လင်ယောကျ်ားကိုသော်၎င်း အမှတ်မပြု၊ မြတ်စွာဘုရားကိုသော်လည်း အရိုအသေအလေးအမြတ်မပြု၊ မြတ်နိုးပူဇော်ရမည်ကိုမှ မသိတတ်ပါဘုရား" ဟု အနာထပိဏ်သူဌေးကြီးက ရှက်ကြောက်အားနာ လျှောက်ထားလိုက်ရသည်။

မြတ်စွာဘုရားသည် တိတ်ဆိတ်ငြိမ်သက်မှုကို မည်သည့်နေရာ မည်သည့်အခါမဆို လိုလားတော်မူသည်၊ သံဃာထောင်ကျော် သီတင်းသုံးတော်မူကြသော ကျောင်းအရာမ်အတွင်းတွင် ဆွမ်းခံထွက်မည် ပြုစဉ်ဖြစ်စေ၊ ဆွမ်းစားကြစဉ်ဖြစ်စေ၊ စုရုံးဆူညံခြင်းကို နှစ်သက်တော်မူသည်မရှိ၊ စကားဝိုင်းဖွဲ့၍ ပြောဆိုငြင်းခုံမှုကို တားမြစ်တော်မူသည်။ အခါတပါး အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့၏တပည့်များ ကျယ်လောင်စွာ ပြောဆိုနေကြသည်ကို ကြားရသောအခါ ကျောင်းတိုက်အတွင်းမှ နှင်ထုတ်ကြစေသည်။ ယခု သူဌေးချွေးမ သုဇာတာကိုလည်း ကဲ့ရဲ့တော်မူလိုသည်ဖြစ်ရာ ယောက္ခမ မိဘနှင့် လင်သားကိုပါ မရိုမသေမလေးစားကြောင်း ကြားရသည့်အခါ ဆုံးမတော်မူလိုသဖြင့် "သုဇာတာ လာခဲ့ဦး"ဟု ပြတ်ပြတ်သားသား ခေါ်လိုက်သည်။ မြတ်စွာဘုရား၏ အသံတော်သည် သန့်ရှင်းသည်၊ သာယာသည်၊ ချိုမြသည်၊ သို့သော် လေးနက်သောသြဇာဖြင့် ရိုသေကျိုးနွံစရာ ဖြစ်သည်။ ယောက္ခမ လင်သားတို့အပေါ်မှာ ထောင်လွှားခဲ့သော သုဇာတာသည် မြတ်စွာဘုရား၏ ရှေ့တော်မှောက်သို့ အပြစ်ပြုမိသော သမီးငယ်သည် တည်ကြည်ခန့်ငြားသော ဖခင်ကြီးအပါးသို့ ကပ်လာသကဲ့သို့ ရိုသေစွာ ချဉ်းကပ်ပြီးလျှင် - "ဘုန်းတော်ကြီးသော မြတ်စွာဘုရား" ဟု လျှောက်ထားလေသည်။

"သုဇာတာ၊ လင်ယောကျ်ားတို့၏ မယားတို့သည် ခုနစ်မျိုးရှိကြသည်။ အဘယ်ခုနစ်မျိုးဟူမူ -

၁။ သူသတ်နှင့်တူသောမယား။ ၂။ ခိုးသူနှင့်တူသောမယား။ ၃။ အရှင်သခင်နှင့်တူသော မယား။ ၄။ အမိနှင့်တူသောမယား။ ၅။ နှမနှင့်တူသောမယား။ ၆။ အဆွေခင်ပွန်းနှင့်တူသောမယား။ ၇။ ကျွန်မနှင့်တူသောမယားတို့တည်း။ သုဇာတာ- ထိုခုနစ်မျိုးသော မယားတို့တွင် သင်ကား မည်သည့်မယား အမျိုးအစားဖြစ်သနည်း" ဟု မေးတော်မူ၏။

"မယား ခုနစ်မျိုးတို့၏ အဓိပ္ပါယ်ကို တပည့်တော်မ မသိပါဘုရား"ဟု လျှောက်သည်။

"သိလိုသလား သုဇာတာ၊ ငါဘုရား ကောင်းစွာဟောလျှင် ကောင်းစွာနှလုံးသွင်း၍ နာကြားမည်လား"

"တပည့်တော်မ ကောင်းစွာ နှလုံးသွင်းပါမည် အရှင်ဘုရား"

"ကောင်းပြီသုဇာတာ၊ ၁။ လင်ယောကျ်ား၏ အကြင်မယားသည် ဒေါသဖျက်ဆီးအပ်သော စိတ်ရှိ

သည်ဖြစ်၍ အစီးအပွားကို အစဉ်စောင့်ရှောက်လေ့မရှိဘဲ မိမိလင်မှတခြားသောယောကျ်ားတို့၌ တပ်မက်မောလျက် မိမိလင်ကို မရှိမသေ မထီမဲ့မြင်အောက်မေ့၏။ ထိုမယားမျိုးကို သူသတ်နှင့်တူသောမယားဟု ဆိုအပ်၏၊ သေလျှင် အပါယ်ငရဲသို့ မုချဆတ်ဆတ်သွားရမည့်မယားတည်း။

၂။ အကြင်မယားသည် လင်သားရှာဖွေအပ်သောဥစ္စာကို ကဲ့တတ်ဝှက်တတ်အပြင်သို့ယူဆောင်တတ်၏၊ ကောင်းစွာသိမ်းစောင့်ရှောက်ခြင်းမရှိ၊ ထိုမယားကား ခိုးသူနှင့်တူသောမယားတည်း၊ သေလျှင် အပါယ်ငရဲသို့လားရမည် ဖြစ်၏။

၃။ အကြင်မယားသည် ပျင်းရိ၏၊ ကြမ်းတမ်း၏၊ ဆဲရေးတတ်၏၊ လင်ကိုလည်း နိုင်လိုလွှမ်းမိုး နှိပ်စက်တတ်၏၊ ထိုမယားကား အရှင်သခင်နှင့်တူသောမယားတည်း၊ သေလျှင် ငရဲသို့ကျမည်သာတည်း။

၄။ အကြင်မယားသည် လင်ကိုလည်း စောင့်ရှောက်၏၊ စီးပွားရေးကိုလည်း စောင့်ရှောက်၏၊ ထိုမယားမျိုးကို မိခင်နှင့်တူသောမယားဟု ဆိုထိုက်၏။ သေလျှင် နတ်ပြည်သို့ လားရမည်ဖြစ်၏။

၅။ အကြင်မယားသည် အစ်မကြီး နှမငယ်သည် မောင်၌ရိုသေသကဲ့သို့ အရှက်အကြောက်နှင့်ယှဉ်သောစိတ်ရှိ၏၊ ထိုမယားကို နှမနှင့်တူသောမယားဟု ဆိုအပ်၏၊ နတ်ပြည်သို့ မချွတ်ဧကန်သွားရမည်ဖြစ်၏။

၆။ အကြင်မယားသည် လင်အဖို့ တိုင်ပင်ဆွေးနွေးဖက်ဖြစ်၏၊ အကြံကောင်းပေးတတ်၏၊ လင်ကိုချစ်ခင်၏၊ ကောင်းကျိုးကို လိုလား၏၊ ထိုမယားကို အဆွေခင်ပွန်းနှင့်တူသောမယားဟု ဆိုအပ်၏၊ သေလျှင် နတ်ပြည်သို့ သွားရ၏။

၇။ အကြင်မယားသည် လင်ယောကျ်ားက ခြိမ်းခြောက်မောင်းမဲစေကာမူ သည်းခံ၏၊ အမျက်ဒေါသဖြင့်ရန်တုံ့မူခြင်း၊ ပြန်လှန်ပြောဆိုခြင်း၊ အာဃာတထားခြင်းမရှိ၊ ထိုမယားမျိုးကို ကျွန်မနှင့်တူသောမယားဟု ဆိုအပ်၏၊ နတ်ပြည်သို့ သွားရမည်ဖြစ်၏။ လင်ယောကျ်ား၏သနားကြင်နာမှုကို ခံယူရ၏။

သုဇာတာ, ချစ်သမီးသည် အဘယ်မယားမျိုးဖြစ်သနည်း၊ အဘယ်မယားမျိုး ဖြစ်လိုသနည်း"

ဗုဒ္ဓမြတ်စွာသည် တရားဟောရာ စကားပြောရာ၌ သူမတူအောင် လိမ္မာကျွမ်းကျင်တော်မူခြင်းကြောင့် 'သုဂတ'ဂုဏ်တော်ဖြင့် ပြည့်စုံတော်မူလေသည်၊ ထို့ကြောင့် ကျောင်းဒကာကြီးချွေးမ သုဇာတာကို ဆုံးမတော်မူရာ၌ တိုက်ရိုက်ဟောသည်မဟုတ်၊ အကောင်းနှင့် အဆိုး မယားမျိုးခွဲခြားကာ နှစ်သက်ရာ ကိုယ်တိုင်ရွေးချယ်စေခြင်းဖြင့် အဖြေကို တောင်းဆိုတော်မူလိုက်လေသည်၊ သုဇာတာ အဘယ်သို့ ဖြေမည်နည်း။

"ဘုန်းတော်ကြီးသော အရှင်ဘုရား၊ တပည့်တော်မသည် ယနေ့မှအစပြု၍ အမိနှင့်တူသောမယား၊ နှမနှင့်တူသောမယား၊ အဆွေခင်ပွန်းနှင့်တူသောမယား၊ ကျွန်မနှင့်တူသောမယားမျိုးသာ ဖြစ်ပါစေတော့မည်ဘုရား"ဟု လိုက်နာဝန်ခံရသည်။

ဤသို့ဖြင့် ကျောင်းဒကာကြီး အနာထပိဏ်သည် ခက်ထန်ကြမ်းတမ်းသောချွေးမကို လိမ္မာယဉ်ကျေး သာသနာ့အမွေပေးနိုင်ခဲ့လေသည်၊ ပုညလက္ခဏဒေဝီအမည်ရှိသော သူဌေးကတော်ကိုလည်း ဇေတဝန်ကျောင်း ဒါယိကာမကြီး ဖြစ်စေသည်၊ ကာဠအမည်ရှိသော သားကိုလည်း ဗုဒ္ဓတရားတော်ကို နာယူစေခြင်းဖြင့် တရားထူး ရစေသည်၊ ယုတ်စွအဆုံး ပုဏ္ဏိကာအမည်ရှိ ကျွန်မကလေးကိုပင်လျှင် အရိယာဘိက္ခုနီထေရီဖြစ်စေနိုင်သောကြောင့် သူဌေးကျောင်းဒကာများစွာတို့အနက် သူတော်ကောင်း ကျောင်းဒကာသာသနာပြု ဥပါသကာကြီး ဖြစ်ပါလေသတည်း။

ဦးသုခ

# အရွယ်ကောင်း

ဒေါက်တာ အောင်ကြိုင်

အရွယ်ကောင်းဟု ဆိုလိုက်သည်နှင့် စာဖတ်သူတို့၏သန္တာန်ဝယ် "သန်မာထွားကြိုင်းတယ် × × × ကမ္ဘာကုန်အလယ် လျှောက်သွားမယ် × × × ယဉ်တစ်ကိုယ်မယ်" ဆိုသော အမျိုးသမီး အရွယ်ကောင်း၊ သို့မဟုတ် "ရင်အုတ်ကားကားနှင့် × × × ကြွက်သားအဖုအဖု × × ×ထွားကြိုင်းတဲ့ မြန်မာလူငယ်"ဟူသော မြို့မငြိမ်း၏ 'ရေချိုးဆိတ်'မှ အမျိုးသားအရွယ်ကောင်းကို စိတ်ကူးဝယ် ထင်ယောင်မိ ထင်မြင်မိပေလိမ့်မည်။ စာရေးသူ ရည်ရွယ်သော အရွယ်ကောင်းကိုကား စာဖတ်ရင်း သတိပြုနိုင်ရာ၏။

တချိန်တုံးက နာမည်ကြီး ဇာတ်ဆောင်ပါဝင်သော အမေရိကန်ရုပ်ရှင်ဇာတ်ကား တစ်ကားကို စာရေးသူ အမှတ်ရမိသည်။ မင်းသားသည် မွေးလာကတည်းက ရုပ်အသွင်မှာ အဖိုးအိုသဏ္ဍာန် ပေါက်ကာ စိတ်ထားကား ကလေးဘာဝ ကလေးအရွယ်ဖြစ်သည်။ ကလေးဗီဇနှင့် အဖိုးအိုကလေးအရွယ်နှင့် မင်းသမီး ကလေးအရွယ်တို့ တွေ့ဆုံခန်းတွင် အဖိုးအိုကလေးနှင့် မင်းသမီးတို့ ကလေးသူငယ်သဘာဝ တူတူပုန်းတမ်း ကစားရင်း ရင်းနှီးခင်မင်ခဲ့ကြသည်။ တဖြည်းဖြည်းနှင့် ကလေးအရွယ်အဖိုးအိုကလေးသည် ကြီးပြင်းလာရာ အဖိုးအိုသဏ္ဍာန်ပျောက်၍ လူချောလူခန့် အရွယ်ကောင်းနှင့် မင်းသမီးအရွယ်ကောင်းတို့ အိမ်ထောင် ထူထောင်ကြသည်။ မင်းသမီး ဇရာအရွယ်ရောက်သောအခါ မင်းသားသည် ကလေးရုပ်သဏ္ဍာန်ပြောင်းကာ ဇာတ်သိမ်းမလှ ဖြစ်ကြရသည်။

အရွယ်နှင့်ပတ်သက်၍ တစ်မူထူးကာ ဇာတ်ညွှန်းရေးသား ရိုက်ကူးခဲ့သော ရုပ်ရှင်ကား. . . မှာ ဇာတိ, ဇရာ, ဗျာဓိ, မရဏဟူသော ဖြစ်စဉ်အရွယ်လေးပါးကို တဏှာမဖက် 'ဘာဝနာ'ဖြစ်အောင် ကွက်ကွက် ကွင်းကွင်း ရိုက်ကူးပြသနိုင်ခဲ့ပေသည်။

လောကီရေးရာ အနုပညာရှုထောင့်မှ အရွယ်ကောင်းကို ကျော်ဖြတ်ကာ လောကုတ္တရာရေးရာ သာသနာရေးရှုထောင့်မှ အရွယ်ကောင်းကို တဖန်သုံးသပ်နိုင်စေရန် သမိဒ္ဓိဇာတ်တော်ကို တင်ပြလိုပါသည်။

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် တပေါဒါရုံကျောင်း၌ သီတင်းသုံးလျက် ရှိတော်မူသည်။ ထိုမြို့၌ တပေါဒါမြစ်သည် ယခုခေတ်လို ရေပူစမ်းဖြစ်ပေသည်။ တနေ့သောနံနက် လင်းအားကြီးသော အချိန်တွင် ရုပ်ရည်ရူပကာယ လွန်စွာသပ္ပါယ်သော အရှင်သမိဒ္ဓိအမည်ရှိသော ကိုယ်တော်ကလေးသည် တပေါဒါမြစ်ဝယ် မျက်နှာသစ်ခြင်း၊ တစ်ကိုယ်လုံးနှံ့အောင် လက်ဖြင့် ပွတ်သပ်သုံးသပ်ခြင်း ပြုပြီးမှ ရေချိုးလေသည်။ ထိုအခါ နတ်သမီးတစ်ပါးသည် ရေချိုးနေသော အရှင်သမိဒ္ဓိကို အာရုံစူးစိုက်ကာ ကြည့်ရင်းကြည့်ရင်းနှင့် ဘဝင်ဝယ် စွဲမက်တွယ်တာသွားလေသည်။ ရေချိုးပြီးသော သမိဒ္ဓိကိုယ်တော်လေးသည် ရေချိုးရေလဲသင်းပိုင်ကို လဲလှယ်ဝတ်ရုံပြီးနောက် အပေါ်လွှမ်းကိုယ်ရုံကို မလွှမ်းသေးဘဲ သင်းပိုင်းတစ်ခုတည်းဖြင့် ကိုယ်မှရေများ ခြောက်အောင် မြစ်ကမ်းဝယ် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေသည်။ အရွယ်ကလည်း ငယ်၊ ရုပ်ရည်ရူပကာယကလည်း တင့်တယ်၊ အသားအရေအဆင်းကလည်း ဝါဝင်းသပ္ပါယ်၊ ထိုသို့သောအခြေအနေအရပ်ရပ်တို့သည် ကြည့်ရှုနေသော နတ်သမီး၏စိတ်ဝယ် ပီတိဖြာစေပြီး "ကာမဂုဏ်စည်းစိမ်ခံစားရန် အရွယ်ကောင်း ဖြစ်သည်တကား"ဟု နတ်သမီး၏စိတ်ဝယ် မချင့်မရဲဖြစ်ကာ ကိုယ်တော်လေးထံ ချဉ်းကပ်၍ အရွယ်ကောင်းတုန်း

ငယ်တုန်းမှာ ယခုကဲ့သို့ အနာဂါရိ အိမ်ရာမထောင် ရဟန်းဘောင်ဝယ် မနေဘဲ အာဂါရဖြစ်တဲ့ လူ့ဘောင် လူဘဝဝယ် နေထိုင်လျက် အိမ်ရာတည်ထောင်ကာ လောကီအာရုံ ကာမဂုဏ်တို့ကို ခံစားရန် လျှောက်ထား လေသည်။

အရှင်သမိဒ္ဓိသည် စကြံ့လျှောက်ရာမှ အသံရှင် နတ်သမီးကိုကြည့်လျက် "ဘယ်အချိန်အခါ၌ သေရမည် ကို မသိရသောသူအဘို့ တရားအားထုတ်ရမည့် အချိန် ကောင်း အရွယ်ကောင်းသည် ယခုအချိန်တည်း"ဟု နတ်သမီးကို ဆိုလေသည်။

နတ်သမီးနှင့် အရှင်သမိဒ္ဓိတို့၏ တစ်ဦးနှင့် တစ်ဦး အပြန်အလှန်ပြောကြားကြပုံမှာ အောက်ပါ အတိုင်း ဖြစ်လေသည်။

"အရှင်ရဟန်း. . သင်သည် ငယ်ရွယ်သော ကာလ၌ ကိလေသာကာမ၏အစွမ်းအားဖြင့် ငါးဖြာ အာရုံ ကာမဂုဏ်တည်းဟူသော ဝတ္ထုကာမတို့ကို မခံစားမူ၍ ရဟန်းပြု၏။ ကိလေသာကာမ၏ အစွမ်း အားဖြင့် ဝတ္ထုကာမတို့ကို ခံစားရန် ရဟန်း မပြုသင့် သည်သာတည်း"

"အရှင်ရဟန်း. . . သင်သည် ငယ်ရွယ်သော ကာလ၌ ရှေးဦးစွာ ငါးဖြာအာရုံ ကာမဂုဏ်တို့ကို ခံစား၍ နောက်နောက်ဖြစ်သော အိုမင်းသောအခါ၌ ရဟန်းပြုလော့။ ကာမဂုဏ်ချမ်းသာကို ခံစားရာ ဖြစ်သော ပျိုရွယ်သော အချိန်အခါကာလသည် မလွန်စေလင့်"။

"နတ်သမီး. . ငါသည် သေလတ္တံ့သော အချိန် ကာလကို မသိ၊ ငါ့အား ဖုံးလွှမ်းအပ်သည်ဖြစ်၍ သေလတ္တံ့သောကာလသည် မထင်။ ထို့ကြောင့် ငါးပါး သော ကာမဂုဏ်တို့ကို မခံစားမူ၍ ငါ့ကိုယ်ငါ 'ရဟန်း တရား ကျင့်ရာကာလသည် မလွန်စေသတည်း'ဟု ဆုံးမ၍ ရဟန်းပြု၏"။

နတ်သမီးလည်း အလျှော့မပေးဘဲ ကိုယ်ထင် ပြကာ သမိဒ္ဓိကိုယ်တော်လေးအား ကာမဘောင်သို့ ပါအောင် ဆွဲဆောင်ပြန်လေ၏။ "အရွယ်ကောင်းတွင် မခံစားခဲ့ရသော လူ့ကာမဂုဏ်ကိုကျော်၍ နတ်တို့၏ ကာမဂုဏ်ကိုတောင့်တလင့်တကား"ဟု လျှောက်သော် အရှင်သမိဒ္ဓိသည် နတ်သမီးအား 'မည်သည့် ကာမဂုဏ် စည်းစိမ်ကိုမျှ မတောင့်တဘဲ လောကုတ္တရာအကျိုး ကိုသာ တောင့်တကြောင်း'၊ နောင်ကာလမှ ဖြစ်မည့် ကာမဂုဏ်တို့သည် 'များသော ဆင်းရဲခြင်းရှိကြောင်း၊ များသော ပင်ပန်းခြင်းရှိကြောင်း-ဟု မြတ်စွာဘုရား ဟောကြားတော်မူကြောင်း၊ ကာမဂုဏ်တို့၌ အပြစ်များ လှကြောင်း၊ လောကုတ္တရာတရားတော်သည်သာ ကိုယ်တိုင်သိမြင်နိုင်သော တရားတော်ဖြစ်ကြောင်း၊ မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ထား ထိုက်ကြောင်း' ဟု ဆိုလေသည်။

ထိုအခါ၌ နတ်သမီးသည် ကာမဂုဏ်တို့၌ အပြစ်များကြောင်းကို မြတ်စွာဘုရား မည်သို့ ဟော သနည်း၊ လောကုတ္တရာတရားကို မည်သို့ ကိုယ်တိုင် သိမြင်နိုင်သနည်း-ဟု မေးမြန်းလျှောက်ထားလေရာ အရှင်သမိဒ္ဓိသည် မြတ်စွာဘုရားအား ကိုယ်တိုင် မေး လျှောက်ထားရန် တိုက်တွန်း ညွှန်ကြားတော်မူ လေသည်။

မြတ်စွာဘုရားရှင် နတ်သမီးအား ဟောကြား တော်မူသော တရားတော်၏ အနှစ်ချုပ်မှာ -

အလုံးစုံသော လောက၌ ကိုယ်ဖြင့်ရှင်း၊ နှုတ်ဖြင့်ရှင်း၊ စိတ်ဖြင့်ရှင်း မကောင်းမှုတို့ကို စိုးစဉ်းမျှ မပြုရာ။ အောက်မေ့မှု သတိ၊ ဆင်ခြင်မှု သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ အာရုံကာမဂုဏ်တို့ကို ပယ်ပြီးလျှင် အကျိုးစီးပွားနှင့် မစပ်သော ဆင်းရဲကို မမှီဝဲရာဟူ၍ ကံသုံးပါးကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အရာရာတိုင်းတွင် သတိသမ္ပဇဉ်ဉာဏ်နှင့်ယှဉ်၍ လုပ်ဆောင်ရန် ဖြစ်လေသည်။

ပရိတ်ကြီးပါဠိ၌ပါသော ပုဗ္ဗဏှသုတ်အရ မြတ်သောအကျင့်ကို ကျင့်သောသူတို့၌ ကောင်းစွာ ပူဇော်ခြင်းသည် ကောင်းသောနက္ခတ်၊ ကောင်းသော မင်္ဂလာ၊ ကောင်းသော မိုးသောက်ခြင်း၊ ကောင်းသော အိပ်ယာမှထခြင်း။ ကောင်းသောအမှုကို ပြုလုပ်ရာတွင် အချိန်နာရီ ရက်ရွေးနေရန် မလိုဘဲ မည်သည့်အချိန် အခါ နာရီတွင်မဆို ကောင်းသော ခဏ၊ ကောင်းသော မုဟုတ်ချည်းသာ ဖြစ်ကုန်လေ၏ဟု ဆိုသကဲ့သို့ နံနက်၊ နေ့၊ ည၊ အချိန်မရွေး ကောင်းသောအမှုကို ပြုလုပ်ချိန်၊ ကုသိုလ်ပြုချိန်သည် ကောင်းသောအချိန်၊ အချိန် ကောင်း ဖြစ်သည်။ ကောင်းသောအမှုကို ပြုသည့် အရွယ်သည် ထိုသူ့အတွက် အရွယ်ကောင်းပင် ဖြစ်ပေတော့သည်။

မှတ်ချက်။ ဒုကနိပါတ်၊ ပါဠဇာတ်၊ သန္တဝဝဂ်၊ သမိဒ္ဓိဇာတ်။ ဒဂုန်ဦးစန်းငွေ၏ ဗုဒ္ဓကိုယ်တော်တိုင် ဖြေကြားခဲ့သော မေးခွန်းနှင့် ပြဿနာများ-စာအုပ်တို့ကို ကိုးကားပါသည်။

**ချမ်းသာခွန်အား သက်ရှည်ပွား၏**

ပြဟ္မစိုရ်လေးဖြာ၊ တည်ကြခါမှာ၊
သတ္တဝါဟူဟူ၊ ဦးမည်းဖြူတို့၊
ရှင်လူခပင်း၊ ရောဂါကင်းလျက်၊
ဘေးရှင်းရန်ကွာ၊ ဆင်းအင်္ဂါနှင့်၊
ချမ်းသာခွန်အား၊ သက်ရှည်ပွား၏။
(မဃဒေဝလင်္ကာသစ်၊ ၂၈၇)

**မလှကျိုးမဲ့ ဂုဏ်ချို့တဲ့**

ဗာလအလို၊ သဝန်တိုနှင့်၊
ကိုယ်ကိုထောင်လွှား၊ အမြတ်ထား၍၊
သူ့အားနှိမ်ချ၊ ပြုတတ်ကြမူ၊
မလှကျိုးမဲ့၊ ဂုဏ်ချို့တဲ့လျက်၊
ကဲ့ရဲ့ဘေးဒဏ်၊ ကိုယ်ကိုပြန်ချ၊
ဇောန်မုချ၊ ဒုက္ခကိုယ်မှာ၊
ရောက်တတ်စွာခဲ့။
(မဃဒေဝလင်္ကာသစ်၊ ၂၀၃)

## မစိုးရိမ်ပဋ္ဌာန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ၏

## စတုရာရက္ခတရားတော် ဆောင်ပုဒ်များ

၁။ နေထွက်နေဝင်၊ ကိုးဂုဏ်ရှင်၊ နေ့စဉ် ရှိခိုးမယ်။
၂။ အနန္တငါး၊ ဂုဏ်တော်များ၊ ညွတ်တွားကန်တော့မယ်။
၃။ မျက်နှာသစ်လျှင်၊ ရေကိုမြင်၊ မြင်စဉ် မေတ္တာပွားပါ့မယ်။
၄။ သစ်ရင်းသစ်ရင်း၊ လျှော့ယိုယွင်း၊ ရုပ်ဆင်းသတိထားပါ့မယ်။
၅။ တန်းတူတွေ့လျှင်၊ မေတ္တာဝင်၊ မဝင်နိုင်က၊ ပြိုင်တတ်တယ်။
၆။ ပြိုင်မည့်အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
၇။ ကိုယ့်အောက်တွေ့လျှင်၊ ကရုဏာဝင်၊ မဝင်နိုင်က၊ နိုင်တတ်တယ်။
၈။ နိုင်မည့်အစား၊ ကရုဏာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
၉။ ကိုယ့်ထက်သာလျှင်၊ မုဒိတာဝင်၊ မဝင်က္လသာ ယှိုင်တတ်တယ်။
၁၀။ ယှိုင်မည့်အစား၊ မုဒိတာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
၁၁။ ရုပ်ကိုလည်းပြင်၊ စိတ်လည်းပြင်၊ ပြင်ဆင်တိုင်းရ၊ ပြုတိုင်းလှ၊
သုခနိဗ္ဗာန်တိုင်လိမ့်မည်။
၁၂။ မသန့်မစင်၊ နောက်ဖေးဝင်၊ ဆင်ခြင် အသုဘ ပွားပါ့မယ်။
၁၃။ ကျင်ကြီးကျင်ငယ်၊ ရွံစဖွယ်၊ ကိုယ်ဝယ်ပြည့်လျှက်၊ မှန်တော့တယ်။
၁၄။ ဖိုးထိုက်ဖိုးတန်၊ ထင်မပြန်၊ ဧကန် အပုတ်ကောင်ပါတကား။
၁၅။ မြင်မြင်သမျှ၊ သင်္ခါရ၊ တစ်ရာ့သက်တွင်းမှာပါတကား။
၁၆။ သူငါအားလုံး၊ ပြုတ်ပြုတ်ပြုံး၊ သေဆုံးပျက်စီးမှာပါတကား။
၁၇။ တဏှာမာန၊ ဒိဋ္ဌိစ၊ ပယ်မှ အေးကြပေမည်တကား။
၁၈။ အပါယ်ခြေကန်၊ ဘုံစဉ်စံ၊ နိဗ္ဗာန်ရမှ အေးမည်တကား။
၁၉။ နေ့စဉ်လေ့ကျက်၊ ရက်ရှည်စွဲမြဲ၊ အထုံသဲ၊ အမြဲ အားထုတ်ပါမည်ဘုရား။

# ဆုံးမစာများနှင့် ဘဝတိုးတက်မှု

ခင်သက်တင် (ပညာရေး)

လူအများစုတွင် ကိုယ်တိုင်တွေ့ကြုံခံစား၍သော်လည်းကောင်း၊ မျက်မြင်ကြုံတွေ့၍သော်လည်းကောင်း၊ သူတစ်ပါးပြောသည်ကို ကြားဘူး၍သော်လည်းကောင်း ဘဝသင်ခန်းစာများ ရှိကြလေသည်။ ရှေးရှေးက ဆရာတော်ကြီးများ၊ လူပညာရှိများသည် ထိုထိုသို့သော မိမိတို့တွေ့ကြုံခဲ့ရသော ဘဝသင်ခန်းစာများကို နောင်းလူတို့ သင်ခန်းစာရစေရန် စိတ်ကောင်းစေတနာကောင်းများဖြင့် ဆုံးမစာများအနေနှင့် ရေးသား ထားခဲ့ကြပါသည်။ ဆုံးမစာများသည် နေရောင်၊ လရောင် မီးရှူးတန်ဆောင်များပမာ မမှားသင့်သည်ကို မမှားရလေအောင် လမ်းပြအလင်းဆောင်သည့်အလား ကျမတို့အတွက် အလွန်ပင် တန်ဖိုးရှိလှပါသည်။

လူတို့သည် အစဉ်သဖြင့် မသင့်လျော်သည်ကိုသာ ပြုလုပ်တတ်ကြသည်။ မမှန်ကန်သည်ကိုသာ ပြုလုပ်လိုသော ဆန္ဒရှိကြသည်။ မကောင်းမှု၌သာ ပျော်မွေ့တတ်သော အထုံဝလေ့ရှိကြသည်။ ထိုထိုအမှားများ၊ မကောင်းမှုကို မွေ့လျော်ခြင်းများမှ ရှောင်နိုင်ကြရန် ကောင်းနိုးရာရာ ဆုံးမစာ-စသော စာပေများကို လေ့လာမှတ်သား ကျက်မှတ်လိုက်နာကြရမည်။

ဆုံးမစာ၏ ဆိုလိုရင်း သဘောတရားများမှာ ရှေးရှေးက မှားခဲ့တဲ့ ဥပမာ ဆရာများရှိလျက်နှင့် နောက်ထပ် မမှားကြလေအောင် စေတနာရည်သန်၍ ရေးခဲ့ကြသည့် စာများဖြစ်ပါသည်။ လူမှန်သမျှသည် မကောင်းမှု၌သာ အစဉ်ပျော်မွေ့တတ်သောကြောင့် စိတ်တည်းဟူသော ဆင်ရိုင်းကို ချွန်းတည်းဟူသော ဆုံးမစာဖြင့် အစဉ်ထိန်းချုပ်ပေးသင့်ပါသည်။ ထို့ကြောင့် ကျမတို့သည် အသက်ကြီးကြီးငယ်ငယ် ဘယ်အရွယ်ဖြစ်ဖြစ် ဆုံးမစာနှင့်ကင်း၍ မနေသင့်ဟု နားလည်ကြရမည် ဖြစ်ပါသည်။

ထိုဆုံးမစာများသည် အမျိုးအစားအနေအားဖြင့် မိဘက သားသမီးတို့အား သတိပေးသည့် ပုံစံ၊ ဆရာက တပည့်များအား သတိပေးသည့် ပုံစံ၊ ဆရာတော်များက တပည့် ဒါယကာ ဒါယိကာမများအား သတိပေးသည့်ပုံစံ, ရဟန်းရှင်လူ မည်သူမဆို အားလုံးတို့အား ခြုံငုံ၍ သတိပေးသည့်ပုံစံ အစရှိသည်ဖြင့် သတိပေး ဆုံးမစာ အမျိုးမျိုးအစားစား ရှိပါသည်။

ပထမဦးဆုံးအနေဖြင့် ကျမတို့ မိခင်ကြီး၏ လက်သုံးစကားဖြစ်သော အလွန် မှတ်သားစရာ လိုက်နာစရာ ဆုံးမစကားလေးတစ်ခွန်းအကြောင်းကို ပြောပါရစေ။ "သားသမီးငယ်က မဆုံးမသော်၊ မိဘတလည် ရန်သူမည်၏" ဆိုသော စကားလေး ဖြစ်ပါသည်။ မှန်ပေသည်။ ကလေးအရွယ်သည် ပြုပြင်လိုတိုင်း ပြုပြင်လို့ရသည့် ဖယောင်းလေးများနှင့် တူပေသည်။ ဖယောင်းကို ပျော့နေသောအခါမှာ လိုအပ်တဲ့ပုံစံ မပြုလုပ်ဘဲ မာသွားသောခါမှ ပြုပြင်လျှင် လိုအပ်တဲ့ပုံစံ မရဘဲ ပျက်စီးသွားမည်သာ ဖြစ်သကဲ့သို့ သားသမီးများကိုလည်း ငယ်စဉ်ကိုမပြုပြင် မဆုံးမဘဲ ကြီးခါမှ ပြုပြင်ဆုံးမလျှင် ပြုပြင်မရသည့် အဖြစ်မျိုးနှင့် ကြုံရပေမည်။ ထိုအခါ မိဘတာဝန်မကျေသော ရန်သူနှင့်တူသော မိဘဖြစ်သွားမည်ကို မိဘတိုင်း သတိပြုကြရပေမည်။ ထိုသို့သော ဆုံးမစာမျိုးကို သားသမီးရှင် မိဘတိုင်း သက်ဆုံးတိုင် စွဲကိုင်ထားပြီး လိုက်နာကျင့်ကြံရပါမည်။ အကျိုးများစွာ ထိရောက်မှုရှိသည်ကို သားသမီးရှိသည့် မိဘတိုင်း ဝန်ခံကြရမည် ဖြစ်ပါသည်။

မိဘဆရာများမှ တပည့်သားတို့ကို ဘဝတိုးတက်မှု၊ အောင်မြင်မှု ရရှိကြစေရန် ရေးသားခဲ့သော ဆုံးမစာများမှ စံနမူနာတစ်ခု ကောက်နှုတ်တင်ပြပါရစေ။

သိပညာဖြစ်ပွါးအောင်၊ ချစ်သားတို့သင်ကြပါ။
မိဘဆရာတို့၊ ဖန်ခါခါ တပည့်သားကို၊ ထောင်နားဆန်
မငြင်းအောင်၊ သွင်းကြပေရာ။

လေ့လော့လေ့စတ်နှင့်၊ အတတ်ကယ်မဲ့သူမှာ။
ဝန်ထမ်းသာ ဖြစ်မြဲ။ ပညာရှင် ဖြစ်ပေက၊ လူ့ပြည်မှာ
ပူဇော်လို့၊ ဇမ္ဗူပေါ်ဂုဏ်ထင်ပလိမ့်မယ့်၊ မိုးလထက်ကဲ။

အခိုပွါယ်မှာ- လေ့လော့လေ့ခတ် အစရှိသည့် အခြေခံပညာလောက်ပင် မသင်ကြား မတတ်မြောက်ထားသူမှာ သူတစ်ပါး လက်အောက်တွင် အမှုထမ်းသာ လုပ်ဆောင်ကြရပေမည်။ အသိပညာ စာပေများ သင်ကြား တတ်မြောက်ထားမှသာလျှင် လောက အလယ် ဂုဏ်သတင်း ထင်ပေါ်ကျော်ကြားပေလိမ့်မည်ဟု ဆိုလိုပါသည်။

မင်းတုန်းမင်းတရားကြီးလက်ထက် စာဆိုတော် စလေဦးပုညနှင့် တစ်ခေတ်တည်း ပေါ်ထွန်းခဲ့သော စစ်ကိုင်းသား ညောင်ပင်သာ ဦးသူတော် ဦးပုညသည် လူအများတို့အား လောကီလူမှုရေးကိစ္စ အဝဝတို့၌ လိမ္မာရေးခြားမှုရှိကြစေရန် အောက်ပါ ဆုံးမစာကို ရေးသားခဲ့ပါသည်။

မိတ်ဆွေတို့မှာ၊ ဖြောင့်မှန်စွာ၊ သစ္စာမဖောက်နှင့်။
လှူပြီးဥစ္စာ၊ ပေးပြီးခါ၊ သဒ္ဓါမပျက်နှင့်။
တရားကိုရှာ၊ ကိုယ်ခန္ဓာ၊ မညှာမငဲ့နှင့်။
ဥစ္စာကိုရှာ၊ လို့လရာ၊ မဝါမကြွားနှင့်။
ပညာထိုးထွင်း၊ တတ်လိုလျှင်း၊ မပျင်းမရိနှင့်။
မတည်မကြည်၊ သူဆိုသည်၊ အရှည်မယုံနှင့်။
ချစ်လွယ်မုန်းလွယ်၊ ပြုသူဝယ်၊ အကယ်မပေါင်းနှင့်။
ကိုယ်နှင့်မစာ၊ လူတကာ၊ မေတ္တာမတိုးနှင့်–

အစရှိသည့် လူအများ လိမ္မာရေးခြားရှိကြစေရန်၊ ပါးနပ်မှုရှိကြစေရန် ဥပမာအမျိုးမျိုး၊ သဘောအမျိုးမျိုး၊ အယူအဆအမျိုးမျိုးတို့ဖြင့် ကောင်းကျိုးရှုမျှော်၍ ရေးသားထားခဲ့ကြပါသည်။ ဤစာပိုဒ်တစ်ခုတည်း၌ပင် ရှုထောင့်စုံ ရသစုံ လူပေါင်းစုံ ပါဝင်ခံစားပတ်သက်နိုင်ကြသည်ကို တွေ့ရှိရပေသည်။

မိတ်ဆွေသူငယ်ချင်းများအပေါ် သစ္စာစောင့်သိရမည်။ အလှူအတန်းပြုရာတွင် ပုဗ္ဗစေတနာ၊ မုဥ္စ-စေတနာ၊ အပရစေတနာဟူသော စေတနာသုံးတန် ဖြူစင်ပြတ်သားကြရမည်။ ထို့အပြင် တရားရှာရာ၌ ဝီရိယာ-ဓိပတိတပ်၍ ကြိုးစားကြရမည်ကို ဆုံးမညွှန်ကြားထားသည့်အပြင် အသက်မွေးဝမ်း ကျောင်းရာ၌ ရိုးသား ကြိုးစားကြရမည်။ မောက်မာမှု ကင်းရမည်။ ထို့အပြင် ပညာရှာရာ၌ လုံ့လအားထုတ်၍ ကြိုးစားရသလို မမှန်ကန်သူ မတည်ကြည်သူများနှင့်လည်း မပေါင်းသင်းကြ ရန်ကိုလည်း မှာကြားထားပြန်သည်။ လူသားအချင်းချင်း ကိုယ်ချင်းစာနာတတ်ရန် မေတ္တာထားတတ်ရန်လည်း အထူးတလည် မှာကြားထားသည်ကို တွေ့ရပါမည်။ ဘဝတစ်သက်စာ လုံလောက်နိုင်သော ရိက္ခာထုပ် ရရှိသွားသလို 'အလိမ္မာစာမှာရှိ' ဆိုရိုးကို သက်သေထူနိုင်သော စာမျိုးဖြစ်ကြောင်း တွေ့ရှိခံစားကြရပေမည်။

ဘဝအမျိုးမျိုးတွင် ကျင်လည်နေရသော လူသားတိုင်းအတွက် ဆုံးမစာများသည် မဖြစ်မနေ လေ့လာလိုက်စား သင်ယူဆည်းပူးသင့်သော ဘာသာရပ် တစ်ခုနှင့် တူပေသည်။ လောကလူသား သူသူငါငါတို့ မမှားတန် မမှားကြလေအောင် ဆုံးမစာများသည် ရှေ့ဆောင် လမ်းပြ မီးရှူးတန်ဆောင်များပမာ အမှောင်ခွင်း၍ အလင်းကို ဆောင်နိုင်ပါပေသည်။

ဘိုးတော်မင်းတရားကြီးလက်ထက် မုံရွာဇာတိဖြစ်သော မုံရွေးဇေတဝန်ဆရာတော် ရေးသားထားခဲ့သော ဆုံးမစာမှာလည်း လောကဓံတရားများကို မမေ့မလျော့ကြစေရန် ဥပမာများဖြင့် တန်ဆာဆင်၍ ရေးသားထားသည်ကို တွေ့ရပေမည်။

''အမြင့်မှာနေလိုလျှင်၊လေတိုက်၍ကြွေတတ်သည်။
အနိမ့်မှာနေလိုလျှင်၊ မြွေကိုက်၍ သေတတ်သည်။

စကားနှစ်တည်ကို၊ ကြံစည်၍ယူလျှင်၊ လူတို့ခွင့်မှာ–
နိမ့်လျှင်လည်း မတော်လွန်း၊
မြင့်လျှင်လည်း မလျော်လွန်း၊
ကြီးလွန်းလျှင်လည်း အလွန်ဝ၊
ငယ်လွန်းလျှင်လည်း အလွန်လျှ၊
ဝလွန်းလျှင်လည်း မတင့်တယ်၊
လျှလွန်းလျှင်လည်း မသပ္ပါယ်၊
မငယ် မကြီး မနီးမဝေး၊
မနေးမလျှင်၊ တံငါလုလင် မျှားကြိုးငင်သို့၊
ဆင်ခြင်စည်းစောင့်၊ ဝမ်းထဲဖြောင့်လော့၊
နှုတ်ကြောင့်သေ၊
လက်ကြောင့်ကြေ၊ ဆိုချေ၏တစ်ချက်၊
တိမ်နက်နီးဝေး၊ အကြီးနှင့်အသေး၊
တန်သော်ကား ဆေး၊
လွန်သော်ကား ဘေး" စသည်ဖြင့် တွေ့ရပေမည်။

အနိမ့်အမြင့်၊ အနီးအဝေး၊ အတိမ်အနက်၊ အကြီးအသေးတို့၏ သဘောသဘာဝ လက္ခဏာများကို ဥပမာများဖြင့် ပြဆိုထားပြီး တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသော တံငါသည် လုလင်ယောက်ျားသည် ငါးကို ငါးမျှားတန် ငါးမျှားကြိုးတို့ဖြင့် မျှား၍ဖမ်းဆီးသည့်အခါ ငါးမျှားကြိုးကို မလျှော့မတင်း ဆွဲငင်ယူသည့် အနေအထားပမာ အစွန်းတရားများ ရှောင်နိုင်ကြစေရန် သတိပေး ဆုံးမထားပါသည်။ ထို့အပြင် ကိုယ်,လက်ဖြင့် ကျူးလွန်ခြင်းသည် ထိခိုက်ဒဏ်ရာရရုံလောက်သာ ဖြစ်ပြီး၊ နှုတ်ဖြင့် တစ်ခါတစ်ရံ မရည်ရွယ်ဘဲ အမှတ်မထင် လွန်ကျူးမှုများမှာ အသက်ပင် ဆုံးရှုံးကြရသည်အထိ ဖြစ်ပွါးနိုင်သည်ကိုလည်း ဆင်ခြင်ကြစေရန် စကား၏ အတိမ်အနက်ကို သုံးသပ်၍သာ ပြောဆိုကြရန် အထူးမှာကြားဆုံးမထားသည်ကို တွေ့ကြရပေမည်။

ဆုံးမစာများတွင် လက်ရှိဘဝ တိုးတက်ရေးအတွက် ဆုံးမထားသကဲ့သို့ ဘာသာရေး သာသနာရေးဆိုင်ရာ တရားရစေရန်၊ လိမ္မာရေးခြားရှိကြစေရန်၊ နောင်ဘဝသံသရာအတွက်လည်း ကျင့်ကြံ အားထုတ်ကြရန်အတွက် ရေးသား ဆုံးမထားခဲ့ကြသော ဆုံးမစာများလည်း ရှိပါသည်။ ထိုအထဲမှ စံနမူနာတစ်ခုကို ကောက်နှုတ်တင်ပြပါရစေ။

"အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ လက္ခဏာသုံးပါး၊ ဤတရားကို၊ ဖွားဖွားနှုတ်ဝယ်၊ သရဇ္ဈာယ်၍၊ ကိုးကွယ်စောင့်ရှောက်၊ ဆောက်တည်ကြလေ၊ လည်တွင်ဆွဲသည့်၊ ပုလဲကဲ့သို့ မြဲကြစေ"။

အဓိပ္ပါယ်မှာ - ခန္ဓာကိုယ် လှပတင့်တယ်စေရန်အတွက် တန်ဆာဆင်သော ပုလဲရတနာ လည်ဆွဲပုတီးကို မပျောက်မပျက် စောင့်ရှောက်လျက် လည်တွင်အစဉ်ထာဝရ ဆွဲထားသကဲ့သို့ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းဟူသော လက္ခဏာရေးသုံးပါးကို စွဲမြဲစွာရွတ်ဆို သရဇ္ဈာယ် ဆင်ခြင်သုံးသပ် နှလုံးသွင်းမှု ရှိနေစေရမည်-ဟု ဆိုလိုပါသည်။ တွေ့မြင်နေရသော အရာဝတ္ထုများ၊ ရရှိနေသော ခန္ဓာငါးပါး တရားအပေါင်းသည် မမြဲခြင်းစသော သဘောရှိသည်ကို ဆင်ခြင်သုံးသပ်ပါမှ ဘဝသံသရာအဆက်ဆက်ကပါလာသော လောဘ, ဒေါသ, မောဟစသော ကိလေသာများ နည်းပါးမည်၊ ပယ်ခွါနိုင်မည်ဟု သိစေလို၍ ဆုံးမထားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် "အလိမ္မာစာမှာရှိ" ဆိုသည့်အတိုင်း စာကောင်းစာမွန်လေးများ ရှာဖွေဖတ်သည့် အလေ့အထကို ကျမတို့တတွေ မွေးမြူကြရပေမည်။ သို့မှသာ အသိဉာဏ်တိုးတက်ကာ အမြင်မှန်ကန်ကြပြီး လောကရေးရာကိစ္စအဝဝတို့တွင် အကျိုးရှိသည်ကို ဆင်ခြင်သုံးသပ်နိုင်၍ ဘဝတစ်လျှောက်လုံး အဆင်ပြေကောင်းမွန်စွာ နေထိုင်နိုင်ကြမည် ဖြစ်သည်။ ထိုမှတဆင့် နောင်အနာဂတ်ဘဝခရီးကိုလည်း ဖြောင့်ဖြူးအောင် ပြုလုပ်နိုင်ကြမည် ဖြစ်ပေသည်။

ခင်သက်တင် (ပညာရေး)

## စာရေးနည်းများ အပိုင်း (၂)

အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်)

### ဆောင်းပါးရေးနည်း

ဆောင်းပါးဆိုသည်မှာ အကြောင်းအရာ တစ်ရပ်ကို အသိပေး ရေးသားသောစာဖြစ်သည်။ မြန်မာ အဘိဓာန်တွင် (၁) နာမ်အလိုအားဖြင့် "လူလွှတ်၍ဖြစ်စေ၊ လူကြုံတွင် အပ်၍ဖြစ်စေ ရပ်ဝေးသို့ ပေးပို့သော ပစ္စည်း၊ စာ" ဟုလည်းကောင်း ၊ "သတင်းစာ၊ မဂ္ဂဇင်း စသည်တို့တွင် ဖော်ပြသည့် ဗဟုသုတဆိုင်ရာ စာတမ်း"ဟုလည်းကောင်း ဖွင့်ပြသည်။ (၂) ကြိယာ အလိုအားဖြင့် "ပစ္စည်းတစ်စုံတစ်ရာကို လူလွှတ်၍ဖြစ်စေ၊ လူကြုံအပ်၍ဖြစ်စေ ရပ်ဝေးသို့ပို့သည်။ ကိုယ်နှင့်မကွာ ဆောင်ယူသည်"ဟုလည်း ဖွင့်ဆိုသည်။ ဝေါဟာရ လိနတ္ထဒီပနီကျမ်းတွင် "ကျန်းမာကြောင်း၊ ချမ်းသာကြောင်း၊ ချစ်ခင်မြတ်နိုးကြောင်း အစရှိသည်များကို စီကုံးရေးသား၍ ဆောင်းပါးလက်ဆောင်နှင့်တကွ ပေးကြသော စာချွေ"ဟုဖော်ပြပါသည်။

အင်းဝခေတ်တွင် စာနှင့်ပစ္စည်းကို ဆောင်ယူသွားရန် လူကြုံပါးသည်ဟူသော အဓိပ္ပါယ်ဖြင့် အသုံးများခဲ့သည်။ အင်းဝ နေပြည်တော်သို့ သွားရောက်အမှုထမ်းလျက်ရှိသော ခင်ပွန်းသည် အတွက် အိမ်သူသက်ထားက မိမိကိုယ်တိုင် တယုတယ ပြုလုပ်သော ဆေးလိပ်လက်ဆောင်ကို " ငယ်ချစ် မောင်ရွှေဝ သွားပါးလိုက် " ကြောင်း ကဗျာရေး၍ ပေးခဲ့သည်။ တစ်ဖန် "ရွှေဝသွားပါးလိုက်မယ်၊ ဆောင်ပါလေ လွမ်းသူစာချွေ" ဟု အလွမ်းဘွဲ့ကဗျာကို ပေတွင်ရေးပြီး လိပ်ခွေ၍ လူကြုံပါးလိုက်သော ဖော်ပြချက်များလည်း တွေ့ရပါသည်။ ထို့ကြောင့် ဆောင်းပါးအစ ပီပီသသ ဖော်ပြမှုသည် အင်းဝခေတ်က ပေးစာတစ်မျိုးဟု လည်းကောင်း၊ ကဗျာဟန်ဖြင့် လွမ်းစာချွေရေးခြင်းသည်လည်း ဆောင်းပါးအစမှာ နေရာရခဲ့၏ဟုလည်းကောင်း ဆိုနိုင်ပါသည်။

စာနှင့်ပစ္စည်းအပြန်အလှန်ပေးရန် ဆောင်းပါး ရေးရာတွင် မေတ္တာစာရေးဟန်ဖြင့် အကြောင်းအရာကို အတော်အတန် ပြည့်စုံစွာ ဖော်ပြလေ့ရှိကြောင်းလည်း တွေ့ရပါသည်။ ကျီးသဲလေးထပ်ဆရာတော်၏ မေတ္တာစာတွင် "မေတ္တာပြုရုံနှင့်လည်း မပြည့်စုံတန်ဟု ဆောင်းပါးစသည်ဖြင့် စီမံကြား ရောက်လိုက်ပါ၏" ဟု ဖော်ပြထားသည်။ ရတနာပုံ ခေတ်တွင် မန္တလေး ရတနာပုံနေ ဝန်ကတော်က ကန္နီသို့ သွားရောက် အမှုထမ်းသော ဝန်မင်းအား မေတ္တာစာရေး၍ လူကြုံပါးခဲ့သည်။ မိသားစု ကျန်းမာကြောင်းနှင့် နေပြည်တော်သို့ လာမည့်လူကြုံရှိပါက ပန်းထောင် ပိုးပုဆိုးဝယ်၍ ပါးလိုက်ရန် မှာကြားချက်တို့ ပါဝင်သည်။ ထို့ကြောင့် မေတ္တာဘွဲ့အသွင်ဖြင့် ပေးပို့သော ဆောင်းပါးရေးဟန် တစ်မျိုး တိုးခဲ့ကြောင်း မှတ်သားနိုင်ပါသည်။

သတင်းစာပေါ်စခေတ်အခါက ဆောင်းပါး ရေးဟန် ပြောင်းလာသည်။ သက္ကရာဇ် ၁၂၃၇-ခုနှစ် ရတနာပုံသတင်းစာပါဆောင်းပါးများ တွင် ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးစသော လူမှုကိစ္စအဖြာဖြာ၊ အယူအဆ အမျိုးမျိုး၊ အတွေ့အကြုံအဖုံဖုံတို့ကို ဖော်ပြထားသည်။ စာချွေရေးခြင်း၊ မေတ္တာစာရေးခြင်းတို့ထက် အကြောင်းအရာနယ်ပယ် ကျယ်ပြန့်လာကြောင်း တွေ့ရသည်။ သတင်းပေးခြင်း၊ အကြောင်းကြားခြင်း၊ အာဘော်ဖော်ပြခြင်း၊ အမေးအဖြေပြုခြင်း၊ အကြံပေးခြင်း သဘောပါသောအရေးအသားများ တိုးပွားလာသည်။ သက္ကရာဇ် ၁၂၇၈-ခု၊ တန်ဆောင်မုန်း လပြည့်ကျော် (၈)ရက် နေ့စွဲပါ မဟာဗောဓိသတင်းစာတွင် "ဆောင်းပါး သတင်း" ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ဆောင်းပါး ရေးသားထားပါသည်။

"ကျွန်တော် မောင်ဝါသနာ ကြားရောက်ပါသည်။ ဆရာကြီးတို့ သတင်းစာ၌ မန္တလေးမြို့တွင်" ဟု အစချီပြီး မန္တလေး ဘုန်းကြီးများ ဟောကြားသောတရားအကြောင်းကို ဖော်ပြသည်။ တစ်ဖန်ဖော်ပြပါ အကြောင်းအရာနှင့် ဆက်စပ်သော" ဆရာကောင်းတစ်ဦး၏ လေးချိုး သံချို တေးအဆို တစ်ပုဒ်ရရှိရာ အောက်ပါအတိုင်း ဖြစ်ပါ၍ ဆရာတို့ သတင်းစာတွင် ထည့်သွင်းရန် ပို့လိုက်ပါသည်"ဟု ဆို၍ လေးချိုး အပြည့်အစုံကို ဆက်လက်ဖော်ပြထားသည်။ အကြောင်းကြားခြင်း၊ သတင်းပေးခြင်း သဘောသက်ဝင်သော ပေးစာတစ်မျိုး ဖြစ်ကြောင်း တွေ့ရပါသည်။

သက္ကရာဇ် ၁၂၇၈-ခုနှစ် လွန်သောအခါ ဆောင်းပါး အမျိုးမျိုး ရေးသားဖော်ပြသော မဂ္ဂဇင်းများ တိုးပွား ပေါ်လာသည်။ သတင်းစာတွင် သတင်းကို အခြေခံသောသတင်း ဆောင်းပါးနှင့် ခေါင်းကြီး ဆောင်းပါးများ ရေးအားကောင်းလာသည်။ မဂ္ဂဇင်းတွင် လူမှုရေးကိစ္စအဖြာဖြာကို စာစီစာကုံး ရေးဟန်အတိုင်း ရေးသော ဆောင်းပါးရိုး အတွေ့ရများသည်။ ထိုဆောင်းပါးရိုးများသည် သတင်းဆောင်းပါးမှ တိုးတက်လာခြင်း ဖြစ်ပါသည်။

## သတင်းဆောင်းပါး

မျက်မှောက်ခေတ်သတင်းစာတွင်တွေ့ရသော သတင်းဆောင်း ပါးများသည် သတင်းကို အခြေခံသည်။ ဆောင်းပါးရိုး ရေးဟန်ဖြင့် သတင်းအရှိကို ထိမိပေါ်လွင်ပြီး စိတ်ဝင်စားဖွယ် စီစဉ် ဖော်ပြသည်။ ထို့ကြောင့် သတင်းကောင်းမှ ဆောင်းပါးကောင်း ဖြစ်နိုင်သည်။ သတင်းကောင်းဖြစ်နိုင်ရန် (၁)သတင်းထူး (၂)သတင်းဦး (၃)သတင်းမှန် (၄)သတင်းမြန်ဖြစ်ရန် အလေးထားရသည်။ ဖြစ်ရိုးဖြစ်စဉ် အဖြစ်အပျက် အပြုအမူ မဟုတ်သော ထူးထူးခြားခြား ဖြစ်ရပ်များသည် သတင်းထူးဖြစ်သည်။ အသစ်အဆန်း ဖြစ်သော အကြောင်းအရာထူးသည် လည်းကောင်း၊ လူအများစိတ်ဝင်စားသော ပုဂ္ဂိုလ်အကြောင်းနှင့် အကြောင်း အရာထူးသည် လည်းကောင်း သတင်းထူးတို့ ပင်ဖြစ်ကြသည်။ ထိုသတင်းထူးကို သူတစ်ပါးက ရေးသားဖော်ပြခြင်းမပြုမီ၊ သို့မဟုတ် လူသူလေးပါး အသိမများမီ ရနိုင်လျှင် သတင်းဦးရသည် မည်ပါသည်။

သတင်းဆောင်းပါးတွင်ပါရှိသော အကြောင်းအချက်များကို သတင်းစာတိုက်က တာဝန်ယူ ဖော်ပြရသည်။ ထိုဖော်ပြသော သတင်း အချက်အလက်တစ်ခုခု မှားယွင်းပါက တောင်းပန်ရခြင်း၊ ဖြေရှင်းချက်ပေးရခြင်းမှအစ တရားဥပဒေအရ အရေးယူခြင်းခံရသည်အထိ ဖြစ်နိုင်ပါသည်။ ထိုသို့ဖြစ်လျှင် သတင်းစာသိက္ခာကျသည်နှင့်အမျှ သတင်းစာ ရောင်းအားလည်း ကျနိုင်သည်။ ထို့ကြောင့်သတင်းမှန်ရရန် အရေးကြီးသည်။ တစ်ဖန် လူသူလေးပါးအသိနည်းသော သတင်းထူး အချက်အလက် ဖြစ်သော်လည်း ရက်လွန်၊ နှစ်ချို့သတင်းအို၊ သတင်းဆွေးများမှာ အကျိုးမများပါ။ စိတ်ဝင်စားဖွယ်လည်း မဖြစ်ပါ။ ထို့ကြောင့် သတင်းထူး၊ သတင်းဦး၊ သတင်းမှန်ကို အမြန်ဆုံးဖော်ပြနိုင်ရန် လိုအပ်ပါသည်။ ထိုသတင်းကောင်းကို အခြေခံသော ဆောင်းပါးသည် သတင်းဆောင်းပါးကောင်း အင်္ဂါရပ်တစ်ခု ပြည့်စုံ၏ ဟုဆိုနိုင်ပါသည်။

## ခေါင်းကြီးဆောင်းပါး

သတင်းစာခေါင်းကြီးသည် သတင်းဆောင်းပါး တစ်မျိုး ဖြစ်သည်။သတင်းဆောင်းပါး စစ်စစ်ကဲ့သို့ သတင်းအဖြစ်အပျက်ကို မီးမောင်းထိုးပြခြင်း၊ ဆောင်းပါးရိုးကဲ့သို့ မြင်သာထင်သာဖြစ်အောင် သိုင်းသိုင်း ဝိုင်းဝိုင်း ပုံဖော်ပြခြင်းမပြုပါ။ လတ်တလောအချက် အလက်ပေါ်တွင် စာရေးသူ၏ အမြင်၊ ရှုထောင့်ကို တိုတိုရှင်းရှင်း ရေးသားခြင်းဖြစ်ပါသည်။ ဆရာကြီး ရွှေဥဒေါင်းက "သတင်းစာခေါင်းကြီးများမှာ စာဖတ်သူတို့ကို ချော့နေဖို့ မဟုတ်၊ အမြင်ကို ယုတ္တိကောင်းကောင်းနှင့် ရှင်းလင်းအောင် တင်ပြရန်သာ ဖြစ်၏" ဟု သူ၏ တစ်သက်တာ မှတ်တမ်းတွင် ဖော်ပြထားပါသည်။

## ဆောင်းပါးရိုး

ဆောင်းပါးရိုးသည် သုတေသနဟန်ဖြင့် အခိုင်အမာ ကိုးကားဖော်ထုတ်ရေးသားသော သုတေသနဆောင်းပါး မဟုတ်ပါ။ သိမှတ်ဖွယ်ရာ အချက်အလက်ကို ဖော်ပြသောပညာ ရပ်ဆိုင်ရာ ဆောင်းပါးနှင့်လည်း မတူပါ။ ဝတ္ထုဟန်ဆန်ဆန် ဖန်တီးဖွဲ့နွဲ့ မှုတို့လည်း မရောပါ။ သတင်းဆောင်းပါးကဲ့သို့ ခပ်တိုတိုနှင့် ထိမိအောင် သတင်းကို အခြေခံ ရေးသားခြင်းလည်း မပြုပါ။ အကြောင်းအချက်သို့မဟုတ် ခေါင်းစဉ် တစ်ခုအကြောင်းကို သီကုံးဖွဲ့ဆိုသော စာစီစာကုံးသည် ဆောင်းပါးရိုး တစ်မျိုး ဖြစ်ပါသည်။ သို့ရာတွင် ဆောင်းပါးရိုးသည် စာစီစာကုံးကဲ့သို့ ရေးချိန်မှအစအတွေးအခေါ် ပေါင်ခတ်သတ်မှတ်မှု မများသော တစ်ဆင့်မြင့်စာစီစာကုံးရေးနည်း ဖြစ်ကြောင်းတွေ့ရပါသည်။

စာစီစာကုံး ရေးနည်းသည် ကလေးငယ်ကို လမ်းလျှောက် သင်ပေးခြင်း နှင့်တူသည်။ ဆောင်းပါးရိုး ရေးနည်းသည် ခရီးပေါက်အောင် စတင်လမ်းလျှောက်ခြင်းနှင့် တူသည်။ ကြားမြင်၊ သိမှတ်မှု အကြောင်းအရာ တစ်ခုခုနှင့် ဆိုင်သောအချက်များကို သီကုံးဖော်ပြခြင်း ဖြစ်ပါသည်။ မိမိတို့တွေ့မြင်ရသည့်အတိုင်း ပန်းချီဆွဲပြခြင်း၊ ဓာတ်ပုံ၊ ဗွီဒီယိုရိုက်ပြခြင်းများကဲ့သို့ ပင်ကိုယ်အရှိကို ထင်ရှားသိနိုင်ရန် စနစ်တကျ စာစီကုံး ဖော်ပြခြင်းဟုလည်း ဆိုနိုင်ပါသည်။

ဆောင်းပါးရိုးတွင် ခရီးသွားမှတ်တမ်းကဲ့သို့ ခရီးတစ်လျှောက် တွေ့ကြုံရသော အကြောင်းရပ်များကို စီ၍၊ သီ၍ပြည့်စုံစွာဖော်ပြမှု နည်းသည်။ မိမိတင်ပြလိုချက် စိတ်ကူးစေတနာ တစ်ကွင်းတစ်ကွက် ဖော်ပြချက်တို့သာ များပါသည်။ ဘုရားပွဲတစ်ခုအကြောင်း သိမြင် တွေ့ရှိချက်တို့ကို တစ်စုတစ်စည်း သီကုံးရေးသားသကဲ့သို့ ဖြစ်သည်။ ထို့ကြောင့် ဆောင်းပါးရိုးတွင် အချက်အလက်ကို နှိုက်နှိုက် ချွတ်ချွတ် ရှာဖွေဖော်ထုတ်ပြခြင်း၊ သက်သေသာဓက အကိုးအကား အထောက်အထားများ အခိုင်အမာ ဖော်ပြခြင်း တို့ဖြင့်လေးလေးပင်ပင်ရေးရန် မဟုတ်ပါ။ ဘာသာရေးစာ၊ ကျမ်းစာဟန်ဖြင့် အတည်အတံ့ အခံ့အထည် မလိုပါ။ ဟာသဉာဏ်ဖက်၍ကပျက်ကချော်၊ အယိုင်အပေါက်၊ အထေ့အငေါ့တို့လည်း ရေးလေ့မရှိပါ။ ထိမိပေ့ါပါး သွက်လက်ပြီး စိတ်ဝင်စားဖွယ် ဖြစ်ရန်သာ လိုပါသည်။

သတင်းဆောင်းပါးနှင့်ဆောင်းပါးရိုးတို့သည် သတင်းစာနှင့် သတင်းဂျာနယ်တို့တွင် ဖော်ပြလေ့ရှိသည်။ သုတေသန ဆောင်းပါး၊ ပညာရပ်ဆိုင်ရာ ဆောင်းပါးနှင့် ရသအားကောင်းသောအဖွဲ့များကို မဂ္ဂဇင်းတို့တွင် အတွေ့များ ပါသည်။ သတင်းဆောင်းပါးသို့မဟုတ် သတင်းစာ ပါဆောင်းပါးများသည် အခန်းဆက်ဖော်ပြခြင်း၊ ဆောင်းပါးရှည် ရေးခြင်း တို့ အတွေ့ရနည်းသည်။ မည်သည့်ဟန်ဖြင့်ရေးသည်ဖြစ်စေ အကြောင်း အချက်ကို ခြုံငုံမိရန်လိုသည်။ စာတိုလွန်းလျှင် နိဒါန်း၊ စာကိုယ်၊ နိဂုံးတို့ဖြင့် စလယ်ဆုံး ကွင်းကွင်းကွက်ကွက် ဖော်ပြရေးသား နိုင်ခြင်းမရှိပါ။ ထို့ကြောင့် စိတ်ဝင်စားဖွယ်လည်းမဖြစ် ၊ ဆောင်းပါးကောင်းလည်း မမည်ပါ။ ယင်းသို့ဖြစ်သောကြောင့် ရေးနည်းလည်းမှန်၊ အကြောင်းအချက်ပေါ် မူတည်၍ အတိုအရှည်လည်းမျှ၊ သတင်းစာ၊ မဂ္ဂဇင်းတို့က လက်ခံနိုင်သော အတိုင်းအဆနှင့် လည်းခွင်ကျအောင် ရေးသားရန် လိုအပ်ပါသည်။

အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)